မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၃ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၀၅)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံတွင်ကျင်းပသည့်

၂၀၀၅ ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ–အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာနှင့် ဘန်ဒေါင်းမြို့တို့တွင် ဧပြီ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် ၂၀၀၅ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ–အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊

စာမျက်နှာ ၃ ကော်လံ ၁ ■

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့နှင့် ဘန်ဒေါင်းမြို့တို့တွင် ကျင်းပသည့် ၂၀၀၅ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ–အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတု အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးက ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ကမ္ဘာ့အတော်များများတွင် ကြီးမားသည့်အပြောင်းအလဲဖြစ်ပေါ်မှုများ ကြုံတွေ့ခဲ့ရ ကြုံတွေ့နေရသည့်စိန်ခေါ်မှုများ ကျော်လွှားနိုင်ရေး အမြင်ကျယ်ပြီး ဇွဲရှိရန်လိုအပ် တိုက်ကြီးနှစ်ခုအကြား မိတ်ဖက်သစ်အောင်မြင်မှုကို ပြည်သူအချင်းချင်းဆက်ဆံမှုက အထောက်အကူပြု ဘန်ဒေါင်းမူကြီးများ လိုက်နာရင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်ရှင်သန်ရေး ထပ်ပံ့ကြိုးပမ်း မဟာဗျူဟာမိတ်ဖက်သစ် ထူထောင်ရေးနှင့် ဘန်ဒေါင်းအသိစိတ်ဓာတ် ပြန်လည်ရှင်သန်စေရေး ထောက်ခံ

ရန်ကုန် ဧပြီ ၂၅

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center ၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် အာရှ–အာဖရိကထိပ်သီးညီလာခံ ပထမနေ့တွင်ပြောကြားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

လေးစားအပ်သော ပူးတွဲသဘာပတိကြီးများဖြစ်တဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုနဲ့ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ တာဘိုအမ်၊ အမ်ဘီကီ အဆွေတော်များ၊ ကိုယ်စားလှယ်များနဲ့ မိတ်ဆွေများခင်ဗျား–

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

နိုင်ငံတော်၏ စက်မှုကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စက်မှုလုပ်ငန်းများ အင်တိုက်အားတိုက် အကောင်အထည်ဖော်

နိုင်ငံတော်၏ စီးပွားရေးဘဝ၌ စက်မှုကဏ္ဍသည် လယ်ယာကဏ္ဍပြီးလျှင် ဒုတိယမြောက် တန်ဖိုးပမာဏ အကြီးမားဆုံး ကဏ္ဍဖြစ်သည်ကို တွေ့ရသည်။ တစ်မျိုးသားလုံး၏ ၂၀၀၄-၂၀၀၅ခုနှစ် ဂျီဒီပီ၌ လယ်ယာကဏ္ဍ၏ ပါဝင်မှုအချိုးအစားသည် ၄၀ဒသမ၇ရာခိုင်နှုန်း၊ သားငါးကဏ္ဍသည် ၉ဒသမ၂ရာခိုင်နှုန်းနှင့် စက်မှုကဏ္ဍသည် ၁၀ဒသမ ၇ရာခိုင်နှုန်း ရှိသည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းပြီး အင်တိုက်အားတိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့ရာ စက်မှုကဏ္ဍတိုးတက်မှုနှုန်းမှာ သိသိသာသာ မြင့်မားလျက် ရှိသည်။ ရှေ့ဆက်လက်၍ တိုးတက်မည့် အလားအလာအရသာမက နိုင်ငံတော်၏ မျှော်မှန်း လျာထားချက်အရပါ စက်မှုကဏ္ဍ၏ တိုးတက်မှုအလားအလာသည် အလွန်ကောင်းမွန်လျက် ရှိသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၅)ကို ဧပြီလ ၂၄ရက်နေ့က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာတွင်-

"စက်မှုကဏ္ဍ၏ တန်ဖိုးပမာဏ တိုးတက်လာအောင် ကြိုးပမ်းလုပ်ကိုင်ရာ၌ အရေအတွက်အရရော၊ ထုတ်လုပ်မှုတန်ဖိုး ပမာဏအရပါ အများစုဖြစ်သော ပုဂ္ဂလိက စက်မှုကဏ္ဍအပိုင်းကို ပို၍ တိုးတက်လာအောင် အလေးထား အားပေးရမည်ဖြစ်ကြောင်း၊ အငယ်စားနှင့် အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းများ (Private Small and Medium Enterprises) တိုးတက်လာမှလည်း ပုဂ္ဂလိက အပိုင်း တစ်ခုလုံး တိုးတက်လာမည်ဖြစ်ကြောင်း"

ဆွေးနွေးပြောကြားသွားသည်။

အငယ်စားနှင့် အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းများသည် စက်မှုကဏ္ဍတွင် အရေးကြီးသော အခြေခံဖြစ်သည့်အလျောက် ယင်းအခြေခံတစ်ခုလုံး တစ်ပြိုင်တည်း အင်အားတောင့်တင်းလာစေရန်၊ လမ်းမှန်ပေါ်တွင် ရပ်တည်လာနိုင်စေရန်အတွက် နိုင်ငံတော်က ညှိနှိုင်းစီမံ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိသည်။

ပုဂ္ဂလိက စက်မှုလုပ်ငန်းကို မြှင့်တင်ရာ၌ စက်မှုဇုန်များအားလုံး တစ်ပြိုင်တည်း တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပထမပိုင်းတွင် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် အေးသာယာ စက်မှုဇုန်များ၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စားအလုပ်ရုံများကို မေလနောက်ပိုင်းတွင် စတင်လည်ပတ်ပြီး စက်မှုကုန်ချောများ ထုတ်လုပ်ရန် ပြင်ဆင်ဆောင်ရွက်လျက် ရှိသည်။ ဒုတိယပိုင်းတွင် ခေတ်မီသံရည်ကျိုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်ပြီး ကျန်ရှိသည့် စက်မှုဇုန်များ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်သည်။

ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှသာ ပုဂ္ဂလိကစက်မှုလုပ်ငန်းပိုင်း အခြေခိုင်မာတိုးတက်ပြီး ရေရှည်တွင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းများ လမ်းကြောင်းမှန်ပေါ် ရောက်အောင် ကြိုးပမ်းအားထုတ်နေချိန်တွင် နိုင်ငံခြားပုဂ္ဂလိက စက်မှု လုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်အားပေး လုပ်ကိုင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းများကို အင်တိုက်အားတိုက် အားပေးပံ့ပိုးနေသော ကာလတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များက နိုင်ငံတော်၏ ပံ့ပိုးမှုများကို ရယူကာ နားလည်မှု ရှိရှိ ပူးပေါင်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနှင့်တရုတ်နှစ်နိုင်ငံသို့ ကုန်ပစ္စည်းရောင်းချခြင်းနှင့်ဝန်ဆောင်မှုမှ စင်ကာပူ အကျိုးအမြတ်ရနိုင်ဟု ဝန်ကြီးချုပ်ပြောကြား

ဂျကာတာ ဧပြီ ၂၄

စင်ကာပူနိုင်ငံသည် ဒေသတွင်းစီးပွားရေး အင်အားတောင့်တင်းလာသော အိန္ဒိယ၊ တရုတ်နိုင်ငံတို့နှင့် ယှဉ်ပြိုင်ရန် စီးပွားရေးစွမ်းဆောင်ရည်ကို တိုးမြှင့်ရဖို့ရှိသော်လည်း ထိုနှစ်နိုင်ငံသို့ ကုန်ပစ္စည်းများရောင်းချခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများပေးဆောင်ခြင်းမှ အကျိုးအမြတ်ရရှိနိုင်ကြောင်း စင်ကာပူ ဝန်ကြီးချုပ်က သောကြာနေ့၌ ပြောကြားလိုက်သည်။

အိန္ဒိယနှင့်တရုတ်နိုင်ငံတို့၏ စီးပွားရေးသည် မကြာမီနှစ်များအတွင်း၌ မြင့်တက်ခဲ့သည်။ တစ်ချိန်က အခြားအာရှနိုင်ငံများသို့ ရောက်ရှိသွားခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခဲ့သည်။

ကြုံကြွခံ

မိမိ၏နိုင်ငံသည် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့မှ ယှဉ်ပြိုင်မှုကိုကြံ့ကြံ့ခံရန် ပြည်တွင်း ယှဉ်ပြိုင်မှု အင်အားတောင့်တင်းရမည်ဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးက ပြောကြားသည်။

လိုအပ်မည်

သို့သော်လည်း တရုတ်နှင့် အိန္ဒိယသည် ကိုယ်တိုင်ဖူလုံမှု မရှိနိုင်ကြောင်း၊ မြန်မြန် တိုးတက်မှုရှိသည်နှင့်အမျှ ကုန်ကြမ်းပစ္စည်း အစိတ်အပိုင်းများ၊ ကုန်သွယ် ဝန်ဆောင်မှုများ ပိုလိုအပ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာ၌ ရောက်ရှိနေကြသည့် အာရှ-အာဖရိကစီးပွားရေးလုပ်ငန်း ခေါင်းဆောင်များအား ၎င်းက ပြောကြားသည်။

အကျိုးရှိနိုင်

မိမိတို့အနေဖြင့် ထိုနှစ်နိုင်ငံသို့ ၎င်းတို့လိုအပ်ချက်များကို တင်ပို့ပေးခြင်းနှင့် ၎င်းတို့၏ ပြည်သူများအတွက် ဝန်ဆောင်မှုများလုပ်ပေးခြင်းဖြင့် အကျိုးရှိနိုင်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

တိုးတက်ဖွယ်

တရုတ်နိုင်ငံ၏စီးပွားရေးသည် ၂၀၀၄ ခုနှစ်၏ စတုတ္ထသုံးလပတ်တွင် ယခင်နှစ် ကထက် ၉ဒသမ ၅ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အစိုးရ၏ တရားဝင်တိုးတက်မှု သတ်မှတ်ချက်မှာ တစ်နှစ် ၈ရာခိုင်နှုန်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏စီးပွားရေးသည် လာမည့် ဘဏ္ဍာရေးနှစ်တွင် ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ဖွယ်ရှိသည်။ **(အင်တာနက်)**

ဂျပန်-မလေးရှား စီးပွားရေးပူးပေါင်းမှု စာချုပ် ဒီဇင်ဘာလအတွင်း နှစ်နိုင်ငံလက်မှတ်ရေးထိုးရန် နီးစပ်

တိုကျို ဧပြီ ၂၄

မလေးရှားနှင့် ဂျပန်နိုင်ငံတို့သည် ကုန်သွယ်ရေးဆွေးနွေးပွဲများနှင့် ဆက်စပ်သော ကိစ္စရပ်များ အပြင် ဂျပန်-မလေးရှားစီးပွားရေးပေါင်းဖော်ဖက် သဘောတူချက်(ဂျေအမ်အီးပီအေ)အရ စေ့စပ်ဆွေးနွေးခဲ့သည့် အခြားအကြောင်း ကိစ္စများအပေါ် မူအားဖြင့် သဘောတူရန် နီးစပ်မှုရှိကြသည်။

မလေးရှားနှင့် ဂျပန်နိုင်ငံသည် ၂၀၀၅ ခုနှစ် မေလကုန်ပိုင်း၌ ကိစ္စရပ်များ အားလုံးအပေါ်မူအားဖြင့် သဘောတူချက်ရရန် ရှေးရှုလုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၀၅ခုနှစ်ဒီဇင်ဘာလ၌ ဂျေအမ်အီးပီအေကို လက်မှတ်ရေးထိုးရန်လည်း လုပ်ဆောင်နေကြောင်း နိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ဒါတွတ်ဆီရီရာဖီဒါအဇစ်က တိုကျို၊ ကန်တိုဒေသမှ ဂျပန်စီးပွားရေးလုပ်ငန်းရှင် များအား ပြောကြားသည်။ ၎င်းတို့သည် တိုကျို၌ ကျင်းပသော မလေးရှားရှိ စီးပွားရေးအခွင့်အလမ်း များဆိုင်ရာ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လျက် ရှိသည်။

ဝန်ကြီးသည် ကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံမှုမစ်ရှင်အဖွဲ့ကို ဦးဆောင်ကာ ဆိုးလ်၊ ကိုဘေး၊ တိုကျိုနှင့် ဟောင်ကောင်သို့ ၁၀ရက်ကြာ ခရီးထွက်လျက်ရှိရာ ဧပြီလ ၂၆ရက်၌ ပြီးဆုံးမည် ဖြစ်သည်။

ဂျေအမ်အီးပီအေသည် နယ်ပယ်အမျိုးမျိုးတွင် နှစ်နိုင်ငံစီးပွားရေး ဆက်ဆံမှု များနှင့် ပူးပေါင်းမှုများကို ပိုမိုချဲ့ထွင်မည်ဟု ရာဖီဒါက ပြောကြားသည်။

ဂျေအမ်အီးပီအေနှင့် ပတ်သက်၍ ဆွေးနွေးချက်များတွင် ၂၀၀၃ခုနှစ် ဒီဇင်ဘာလက စတင်ခဲ့သော နှစ်နိုင်ငံကုန်သွယ်ရေးလွတ်လပ်မှု သဘောတူချက် (အက်ဖ်တီအေ)ပါဝင်သည့် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလွတ်လပ်ခြင်းအပြင် ခရီးသွား လုပ်ငန်းဆိုင်ရာ သဘောတူချက်များ၊ စည်းမျဉ်း ဥပဒေစံကိုက်ညီမှုနှင့်မူပိုင်ခွင့်တို့နှင့်လည်း ဂျေအမ် အီးပီအေသည် အကျုံးဝင်သည်ဟု သိရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နှင့်ထိုင်းနှစ်နိုင်ငံ မိတ်ဆွေကောင်းများဖြစ် တရုတ်သမ္မတ ထုတ်ဖော်ပြောကြား

ဂျကာတာ ဧပြီ ၂၄

ထိုင်းနိုင်ငံ၏ သဘာဝဘေးဒဏ်ခံဒေသများ ပြန်လည်တည်ဆောက်ရေးတွင် တရုတ်နိုင်ငံက ဆက်လက်ပါဝင် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံခရီးသွား ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရေးတွင် ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က သောကြာနေ့၌ ပြောကြား လိုက်သည်။

၎င်းသည် သောကြာနေ့က ဂျကာတာ၌ အာရှ-အာဖရိကထိပ်သီး စည်းဝေးပွဲကျင်းပရာတွင်ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်နှင့် သီးခြား တွေ့ဆုံမှု၌ အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခြင်းဖြစ်ကြောင်း တရုတ် ကိုယ်စားလှယ် သတင်းရပ်ကွက်က ပြောကြားသည်။

ပြောကြား

ဒီဇင်ဘာလ ၂၆ရက်က ဖြစ်ပွားခဲ့သော မြေငလျင်နှင့် ဆူနာမီဒီလှိုင်းအထိ ခံရသော ထိုင်းနိုင်ငံအား ကူညီထောက်ပံ့ ပေးသည့်အတွက် တရုတ်အစိုးရနှင့် တရုတ်ပြည်သူတို့အား အထူးကျေးဇူးတင်ကြောင်း သက်ဆင်က ထုတ်ဖော်ပြော ကြားသည်။

ကူညီ

ယင်းကဲ့သို့ ကူညီခဲ့မှုများသည် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည် ရင်းနှီးမှုကို နက်ရှိုင်းစွာ ဖော်ပြနေခြင်း ပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ထိုင်းနှင့် တရုတ်နိုင်ငံတို့သည် မိတ်ဆွေကောင်း များပင်ဖြစ်ကြောင်း သက်ဆင်က ပြောကြားသည်။

ထူထောင်

၂၀၀၅ ခုနှစ်သည် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၃၀)ပြည့်မြောက်မည်ဖြစ်ကြောင်း၊ မိမိသည် ဇူလိုင်လ တွင် တရုတ်သို့အလည်လာရောက်မည်ဖြစ်ကြောင်း၊ တရုတ် နိုင်ငံနှင့်အတူ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ရှေ့သို့တိုး၍ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည် ကြောင်း သက်ဆင်က ပြောကြားသည်။

တရုတ်နှင့်ထိုင်းနိုင်ငံတို့သည် မိတ်ဆွေကောင်းများဖြစ်ကြောင်း တရုတ် သမ္မတက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Wyoso Prodjowarsito နှင့် သံရုံးအဖွဲ့ဝင်များ၊ စစ်ဘက်နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက်ဗိုလ်ချုပ်နေဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့နှင့် ဘန်ဒေါင်းမြို့တို့တွင်ကျင်းပသည့် ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ-အာဖရိကကွန်ဖရင့် အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့တက်ရောက်ခဲ့ပြီးရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Wyoso Prodjowarsito **နှင့် သံရုံးအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့နှင့် ဘန်ဒေါင်းမြို့တို့တွင် ကျင်းပသည့် ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ-အာဖရိက ကွန်ဖရင့် အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့တက်ရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း တို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဌာနတွင်း အရာရှိများမွမ်းမံသင်တန်း အမှတ်စဉ်(၁၀)ဖွင့်

ရန်ကုန် ဧပြီ ၂၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဌာနတွင်း အရာရှိများမွမ်းမံသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အား ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**(ယာပုံ)**

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့်အတူ ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီနှင့် ညွှန်ကြားရေးမှူးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရက်သတ္တလေးပတ်

သင်တန်းသို့ ဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်နယ်၊ တိုင်းအသီးသီးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၀၅ (အင်္ဂါနေ့)

၇း၀၀	အဖွင့် ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ပရိဘောဂထုတ်လုပ်မှုလုပ်ငန်း
၇း၂၅	ပြည်တွင်းသတင်း
၇း၃၀	ဝါသနာရှင်စင်မြင့်
၈း၁၅	အကယ်၍သာ
၈း၃၀	နိုင်ငံတကာသတင်း
၈း၃၅	မိုးလေဝသခန့်မှန်းချက်
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	သီးနှံများတွင် ကျရောက်တတ်သော ပေါင်းမြက်များကို ထိရောက်စွာကာကွယ်နည်းများ
၉း၂၀	ပြည်တွင်းသတင်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	ပိုက်ဆက်အတတ်ပညာ
၉း၄၀	နိုင်ငံတကာသတင်း
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	နားကြားစေသော မျက်လုံးများ
၁၀း၀၅	အိုလံပစ်အားကစားချန်ပီယံများ
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	သတ္တုတွင်းလုပ်ငန်း
၁၁း၀၀	အပိတ်

အထက်ပါလေးနာရီစာအစီအစဉ်များကို ညဉ့်၁၂း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ ရောက်ရှိ၊ ကြိုဆိုရေးအဖွဲ့များက ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဧပြီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုယိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှား သမ္မတနိုင်ငံ၌ ကျင်းပမည့် ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ-အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့တက်ရောက်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဧပြီ ၂၁ ရက် မွန်းတည့် ၁၂နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ဂျကာတာမြို့သို့ ထွက်ခွာခဲ့သည်။

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ ဟာလင်ပါဒါနာကူဆူမာလေဆိပ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သုတေသနနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကူးစ်မာရန်တိုကာဒီမန်က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဂုဏ်ပြုပန်းကုံးပေးအပ်

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အင်ဒိုနီးရှားအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းကုံးပေးအပ်၍ ဂါရဝပြုသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ကြိုဆိုရေးအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဂါရဝပြုနှုတ်ဆက်

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မြန်မာသံရုံးမှ အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်ပြီး သံအမတ်ကြီး၏ဇနီး ဒေါ်ဝင်းဝင်းညွန့်၊ စစ်သံမှူးဗိုလ်မှူးချုပ်ခင်မောင်စိုးနှင့် ဇနီး ဒေါ်ကြည်ကြည်စန်း၊ သံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် Jakarta Hilton Hotel သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ ဟာလင်ပါဒါနာကူဆူမာလေဆိပ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ကြိုဆိုရေးအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

ဂုဏ်ပြုပန်းကုံးပေးအပ်၍ ဂါရဝပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ ဟာလင်ပါဒါနာကူဆူမာလေဆိပ်တွင် အင်ဒိုနီးရှားအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းကုံးပေးအပ်၍ ဂါရဝပြုစဉ်။
(သတင်းစဉ်)

ခရီးဦးကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ ဟာလင်ပါဒါနာကူဆူမာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ၄နာရီ၂၅မိနစ်တွင် ရောက်ရှိရာ ရှေးဦးစွာ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်မြင့်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ဌာနအကြီးအကဲ မစ္စတာဒီဂျိုကိုဟာဒိုနိုတို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သုတေသနနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကူးစ်မာရန်တိုကာဒီမန်က လေယာဉ်လှေကားထိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အာရှ–အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ ဘန်ဒေါင်းမြို့ မာဒေးကားအဆောက်အအုံ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာရှ–အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက် အာရှတိုက်နှင့် အာဖရိကတိုက်တို့မှ သစ်ပင်များ အမှတ်တရစိုက်ပျိုးပေး

ရန်ကုန် ဧပြီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၂၄ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘန်ဒေါင်းမြို့၌ ကျင်းပသည့် အာရှ–အာဖရိက ကွန်ဖရင့် အထိမ်းအမှတ် ရွှေရတုအခမ်းအနား(The Commemoration of the Golden Jubilee of the Asian-African Conference 1955)သို့ အာရှ–အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ တက်ရောက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အာရှ–အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အာရှ–အာဖရိကနိုင်ငံများမှ ဝန်ကြီးများသည် ဘန်ဒေါင်းမြို့သို့သွားရောက်ရန် ဧပြီ ၂၄ရက် နံနက် ၆ နာရီခွဲတွင် ခေတ္တတည်းခိုသည့် ဟိုတယ်များမှ ဂျကာတာမြို့ ဟာလင်ပါဒါနာကူဆူမာလေဆိပ်သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်များဖြင့် ဂျကာတာမြို့မှ ဘန်ဒေါင်းမြို့သို့ ရောက်ရှိကြပြီး လေဆိပ်မှတစ်ဆင့် Savoy Homann Hotel သို့ သွားရောက်ကြသည်။

သမိုင်းဝင်လမ်းလျှောက်

ယင်းနောက် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် Savoy Homann Hotel မှ ရွှေရတုအခမ်းအနားကျင်းပမည့် မာဒေးကားအဆောက်အအုံသို့ Asia-Africa Street အတိုင်း Historical Walk သမိုင်းဝင် လမ်းလျှောက်ကြသည်။

ထို့နောက် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် မာဒေးကားအဆောက်အအုံသို့ ရောက်ရှိကြပြီး ရှေးဦးစွာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဂုဏ်ပြုသီဆို

ယင်းနောက် အာရှ–အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားကို စတင်ကျင်းပရာ ဘန်ဒေါင်းမြို့ Padjadjaran တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက Halo Halo Bandung သီချင်းကို ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုက အဖွင့်မိန့်ခွန်း ပြောကြားသည်။

မိန့်ခွန်းပြောကြား

ဆက်လက်၍ အာဖရိကနိုင်ငံများကိုယ်စား နိုင်ဂျီးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အိုလူဆီဂန် အိုဘာဆန်ဂျိုကလည်းကောင်း၊ အာရှနိုင်ငံများ ကိုယ်စား အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်၊ မိုဟန်ဆင်းက လည်းကောင်း၊ အခြားဖိတ်ကြားထားသည့် နိုင်ငံများကိုယ်စား ထရင်နင်ဒက်နှင့် တိုဘာဂိုနိုင်ငံသမ္မတက လည်းကောင်း မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် အာရှ–အာဖရိကထိပ်သီးညီလာခံကြေညာချက်ကို အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုနှင့် တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ တာဘိုအမ်၊ အမ်ဘီကီတို့က အပြီးသတ် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဘန်ဒေါင်းမြို့ Padjadjaran တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများက သီချင်းများကို စုပေါင်းသီဆိုကြပြီး ရွှေရတုအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သစ်ပင်များစိုက်ပျိုးပေး

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အဖွဲ့ဝင်များသည် အမှတ်တရသစ်ပင်စိုက်ပျိုးမည့် Tegallega Garden သို့ သွားရောက်ကြပြီး အာရှတိုက်နှင့် အာဖရိကတိုက်တို့မှ သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ ဟာလင်ပါဒါနာကူဆူမာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များအား နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အဖွဲ့ဝင်များအား မွန်းလွဲ၁နာရီတွင် ဘန်ဒေါင်းမြို့ Pakuan အဆောက်အအုံ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် အနောက်ဂျာဗားပြည်နယ်အုပ်ချုပ်ရေးမှူးတို့က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်များဖြင့် ဘန်ဒေါင်းမြို့မှ ဂျကာတာမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင်

စာမျက်နှာ ၆ ကော်လံ ၁

26-4 (05).p65 1 3/24/05, 6:13 PM

စာမျက်နှာ ၅မှ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ခေတ္တတည်းခိုသည့် ဂျကာတာမြို့ Jakarta Hilton Hotel မှ ဟာလင်ပါဒါနာကူဆူမာလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ပို့ဆောင်နှုတ်ဆက်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား လေဆိပ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်မြင့်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ခင်မောင်စိုးနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပို့ဆောင်နှုတ်ဆက်ကြသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များအား နှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်မြင့်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ခင်မောင်စိုးနှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂျကာတာမြို့ ဟာလင်ပါဒါနာကူဆူမာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဧပြီ ၂၁ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ ဟာလင်ပါဒါနာကူဆူမာလေဆိပ်တွင် မြန်မာသံရုံးမှ အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်၍ ဂါရဝပြုစဉ်။ (သတင်း-၄) (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၆-၄-၂၀၀၅
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅း၀၀ ၇။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Motivation, Leadership & Communication. (ဒုတိယနှစ်-စီးပွားရေး)
၅း၃၀ ၈။ ပညာခေတ်
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြွှာနဲ့ ကြမ္မာ"** (အပိုင်း-၁၅)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ English Premier League ဘောလုံးပွဲ Arsenal Vs Tottenham Hotspur

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၀၉)ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အရောင်းဆိုင်ဆိုင်းဘုတ် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၂၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဆိုင်အမှတ်(၀၀၉)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ်ရှိ အဆိုပါ အရောင်းဆိုင်ရှေ့၌ ကျင်းပရာ ဆိုင်ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမှတ်(၃) စစ်ဒေသမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ညွှန်ကြားရေးမှူး ဦးမြင့်ဌွေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့သုံးအရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးမြင့်ဌွေးက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများ၊ မြို့တော်ဝန်တို့ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်သွင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံတက်ရောက် မိန့်ခွန်းပြောကြား

ရန်ကုန် ဧပြီ ၂၅

၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံကို အင်ဒိုနီးရှား သမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Jakarta Convention Center ၌ ဧပြီ ၂၂ရက် နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ပြီး မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များ ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

စတင်ကျင်းပ

၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံဖွင့်ပွဲအခမ်းအနား အစီအစဉ်ကို နံနက် ၉နာရီတွင် Jakarta Convention Center ရှိ Plenary Hall ၌ စတင်ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အာရှ၊ အာဖရိကနှင့် အခြားနိုင်ငံ စုစုပေါင်း ၁၀၅နိုင်ငံမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲ ၄၁ဦး၊ ဒုတိယသမ္မတ ခြောက်ဦး၊ အထူးကိုယ်စားလှယ် ၅၈ဦးနှင့် အဖွဲ့အစည်း ၁၈ခုမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များသည် နံနက် ၈နာရီခွဲမှစတင်၍ Jakarta Convention Center သို့ ရောက်ရှိကြရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထိပ်သီးညီလာခံဖွင့်ပွဲအခမ်းအနားတွင် ပူးတွဲသဘာပတိများအဖြစ် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုနှင့် တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာတာဘိုအမ်၊ အမ်ဘီကီတို့က ဆောင်ရွက်ကြပြီး ရှေးဦးစွာ ထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားစတင်ကြောင်း ကြေညာသည်။

ထို့နောက် ထိပ်သီးညီလာခံသို့တက်ရောက်လာကြသူများသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ အာချေးနှင့် ဆူမားတြားမြောက်ပိုင်းဒေသများ၊ ဆူမားတြားကျွန်းအနီးတို့၌ ငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်ပစ္စည်းများ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ခြင်းအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ နေကြသည်။

မိန့်ခွန်းပြောကြား

ယင်းနောက် ထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားအစီအစဉ်အရ အဖွင့်မိန့်ခွန်းပြောကြားကြရာ ရှေးဦးစွာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုက မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာတာဘိုအမ်၊ အမ်ဘီကီက မိန့်ခွန်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအေ၊ အာနန်က မိန့်ခွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များသည် Jakarta Convention Center ၏ Main Lobby ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ရင်းနှီးခင်မင်စွာ အပြန်အလှန် နှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁

အာရှ-အာဖရိက ထိပ်သီးညီလာခံဖွင့်ပွဲအခမ်းအနားတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုယိုနို အဖွင့်မိန့်ခွန်း ပြောကြားစဉ်။ (သတင်းစဉ်)



၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံဖွင့်ပွဲအခမ်းအနားတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအေ၊ အာနန် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

အာရှ-အာဖရိက ထိပ်သီးညီလာခံဖွင့်ပွဲအခမ်းအနားတွင် တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာတာဘိုအမ်၊ အမ်ဘီကီ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

26-4 (07).p65 1 3/24/05, 6:14 PM

ဒေသဆိုင်ရာဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရေရှည်တည်တံ့ရေး ဝိုင်းဝန်းကြိုးပမ်း နိုင်ငံရေး၊စီးပွားရေးဆိုင်ရာ စီမံချက်များချပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပံ့ပိုးနိုင်ရေးနည်းလမ်းရှာ

✡ ရှေ့ဖုံးမှ

ကျွန်တော့အနေနဲ့ ဒီအရေးကြီးတဲ့ ထိပ်သီးညီလာခံကျင်းပပေးတဲ့ အဆွေတော် ပူးတွဲသဘာပတိများကို ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ အဆွေတော်တို့ရဲ့ ကျွမ်းကျင်တဲ့ ဦးဆောင်ဦးရွက်ပြုမှုနဲ့ ကျွန်တော်တို့ရဲ့ ဆွေးနွေးမှုများဟာ အောင်မြင်အကျိုးရှိပြီး လာမည့်နှစ်များတွင် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူဖြစ်စေမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

မြန်မာနိုင်ငံရဲ့ ခင်မင်ရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံကို လာရောက်ရတဲ့အတွက် အထူးအားရ ကျေနပ်မိပါတယ်။ လွတ်လပ်ရေးအတွက် ရုန်းကန်လှုပ်ရှားခဲ့ကြရတဲ့အချိန်ကစပြီး နှစ်နိုင်ငံအကြား ခိုင်မြဲတဲ့ ချစ်ခင်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိခဲ့ပါတယ်။ အင်ဒိုနီးရှားအစိုးရနဲ့ ပြည်သူများရဲ့ နွေးထွေးစွာကြိုဆိုမှု၊ ဧည့်ဝတ်ကျေပွန်မှု၊ ထိပ်သီးညီလာခံအတွက် ခမ်းခမ်းနားနားပြင်ဆင်ထားမှုအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ကျွန်တော့အနေနဲ့ ပြောကြားလိုပါတယ်။

အခုလို အခွင့်အခါကြုံခိုက် ဒီဇင်ဘာလ ၂၆ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံမှာဖြစ်ပျက်ခဲ့တဲ့ ငလျင်ဘေးဒဏ်နဲ့ ဆူနာမီရေဘေးဒုက္ခတို့ကြောင့် မကြုံစဖူး အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးခဲ့ကြရတဲ့ ဆူမားတြားကျွန်း၊ အာချေဒေသရှိ ပြည်သူများနဲ့ အိန္ဒိယသမုဒ္ဒရာအတွင်းရှိ နိုင်ငံများမှ ပြည်သူများအတွက် ကြေကွဲဝမ်းနည်းရပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ညီအစ်ကိုမောင်နှမများရဲ့ အစားထိုးမရနိုင်တဲ့ ဆုံးရှုံးမှုများအတွက် ထပ်တူခံစားမိပါတယ်။

ပူးတွဲသဘာပတိကြီးများခင်ဗျား –

၁၉၅၅ခု အာရှ–အာဖရိကညီလာခံရဲ့ ရွှေရတုအခမ်းအနားကျင်းပဖို့ ကျွန်တော်တို့ဟာ ဒီညီလာခံကြီးမှာ စုဝေးရောက်ရှိနေကြတာ ဖြစ်ပါတယ်။ ဘန်ဒေါင်းညီလာခံကြီးကို မူလစတင်တက်ရောက်ခဲ့ကြတဲ့ နိုင်ငံ ၂၉ နိုင်ငံထဲမှာ ပါခဲ့တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ ဂုဏ်ယူမိပါတယ်။ ညီလာခံဖြစ်မြောက်ရေးအတွက် စည်းရုံးလှုပ်ရှားခဲ့တဲ့ ကိုလံဘိုငါးနိုင်ငံစာရင်းမှာ ပါဝင်ခဲ့ရတဲ့အတွက်လည်း ဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။ ဘန်ဒေါင်းညီလာခံက ချမှတ်ခဲ့တဲ့ အခြေခံမူ(၁၀)ချက်ဟာ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးအတွက် အစဉ်တန်ဖိုးထားရမယ့် မူကြီးများအဖြစ် သမိုင်းဝင်နေမှာဖြစ်ပါတယ်။ အဲဒီအခြေခံမူကြီး(၁၀)ချက်ကို ကျွန်တော်တို့တစ်တွေဟာ အစဉ်စောင့်ထိန်းလိုက်နာသွားကြဖို့လည်း တိုက်တွန်းလိုပါတယ်။

ယနေ့ကမ္ဘာကြီးဟာ ၁၉၅၅ခုနှစ်ကထက် များစွာပြောင်းလဲနေပြီ ဖြစ်ပါတယ်။ အဲဒီအချိန်က ကိုလိုနီစနစ် ပပျောက်ရေးကို အာရုံပြု စူးစိုက်ခဲ့ကြပါတယ်။ အာရှ–အာဖရိကမှာရှိတဲ့နိုင်ငံအားလုံး လွတ်လပ်ရေးရခဲ့ကြပြီး ရှေ့ဆက်လျှောက်လှမ်းနိုင်ခဲ့တာဟာ ကျေနပ်ဖွယ် အလွန်ကောင်းပါတယ်။ အမှန်တော့ ကျွန်တော်တို့ဟာ ခရီးရှည်ကြီးကို ဖြတ်သန်းလာခဲ့ကြရတာဖြစ်ပါတယ်။ ဒါပေမယ့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ လူသားများလုံခြုံမှုမရှိဘဲ နိုင်ငံရေးလွတ်လပ်မှုရရှိခြင်းဟာ ပိုမိုမျှတတဲ့ကမ္ဘာကြီးကိုလိုလားတဲ့ ကျွန်တော်တို့ပြည်သူများရဲ့မျှော်မှန်းချက်များကို အပြည့်အဝဖြည့်ဆည်းမပေးနိုင်ခဲ့ပါဘူး။

၂၀၀၃ခုနှစ် ဇူလိုင်လက ဘန်ဒေါင်းမြို့နဲ့ ၂၀၀၄ ခုနှစ် ဩဂုတ်လက ဒါဘန်မြို့တို့မှာကျင်းပခဲ့တဲ့ ပထမနဲ့ ဒုတိယအကြိမ် အာရှ–အာဖရိကဒေသခွဲဆိုင်ရာ ညီလာခံများရဲ့အောင်မြင်တဲ့ရလဒ်ကြောင့် လွန်ခဲ့သောဆယ်စုနှစ်များအတွင်း အာရှ–အာဖရိကအကြားရှိခဲ့တဲ့ ခင်မင်မှုနဲ့ပူးပေါင်းဆောင်ရွက်မှု အသိစိတ်ဓာတ်ဟာ ပြန်လည်နိုးကြားလာတာတွေ့ရလို့ ကျွန်တော်အနေနဲ့ ကျေနပ်မိပါတယ်။ အဲဒီလုပ်ငန်းစဉ်ဟာ သမိုင်းဝင်ဘန်ဒေါင်းညီလာခံမှာ သဘောတူခဲ့ကြတဲ့ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမူကြီးများကို လိုက်နာဖို့ အာရှ–အာဖရိကနိုင်ငံများရဲ့ ခိုင်မာတဲ့ သန္နိဋ္ဌာန်ကို ထပ်မံအတည်ပြုပါတယ်။

ဘန်ဒေါင်းအသိစိတ်ဓာတ်ဟာ ဆက်လက်စပ်ဆိုင်နေပြီး ဒေသနှစ်ခုအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုအတွက် အင်အားတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်ပါတယ်။ ဒေသဆိုင်ရာ ဆွေးနွေးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတို့အတွက် ထိရောက်ပြီး ရေရှည်တည်တံ့တဲ့ ယန္တရားတစ်ခုထူထောင်ဖို့ ကျွန်တော်တို့အနေနဲ့ ခုချိန်ခါမှာ ဝိုင်းဝန်းကြိုးပမ်းဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ဟာ လျင်မြန်စွာ ပြောင်းလဲနေတဲ့ခေတ်ကြီးထဲမှာ နေထိုင်ကြသူများဖြစ်ပါတယ်။ မကြာသေးမီနှစ်များအတွင်း ကဏ္ဍအတော်များများမှာ ကြီးမားတဲ့ပြောင်းလဲဖြစ်ပေါ်တာတွေကို ကျွန်တော်တို့ ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ရင်ဆိုင်နေရတဲ့ ပြဿနာများရဲ့ ရှုပ်ထွေးတဲ့သဘောသဘာဝနှင့် ကျွန်တော်တို့ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ဖို့ အမြင်ကျယ်ရပါမယ်။ ဖွဲ့ရှိဖို့ လိုအပ်ပါတယ်။ ဒီထိပ်သီးညီလာခံမှာ အကောင်အထည်ဖော်ဖို့ ကျွန်တော်တို့ သဘောတူညီခဲ့တဲ့ မဟာဗျူဟာမိတ်ဖက်သစ်ဟာ ဒေသနှစ်ခုရဲ့ သွေးစည်းညီညွတ်မှုကို ရှင်သန်စေတဲ့ ထိရောက်တဲ့ နည်းလမ်းဖြစ်လာမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရင်ဆိုင်တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုတွေကြောင့် အာရှ–အာဖရိကအကြား အဆက်အသွယ်ပေါင်းကူးထူထောင်ခြင်းဟာ လိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသနှစ်ခုမှာရှိတဲ့ နိုင်ငံများရဲ့ နိုင်ငံရေးကဏ္ဍ တိုးတက်မှုရှိခဲ့သော်လည်း အကျိုးမဲ့စေတဲ့ ပြင်ပပယောဂများကြောင့် လူမှုရေးနဲ့စီးပွားရေးကဏ္ဍများမှာ ကျွန်တော်တို့ရဲ့ ပြည်သူအများစုဟာ ဆင်းရဲနွမ်းပါးလျက်ပင် ရှိနေပါသေးတယ်။ ကျွန်တော်တို့နိုင်ငံများမှာ လူသားနဲ့ သဘာဝအရင်းအမြစ် ပေါကြွယ်ဝပါတယ်။ အဲဒီအင်အားတွေ အပြည့်အဝအသုံးချနိုင်ဖို့ လုပ်ကိုင်နိုင်မယ့် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ စီမံချက်များချမှတ်ပြီး တစ်နိုင်ငံက တစ်နိုင်ငံကို ပံ့ပိုးနိုင်ဖို့ ကျွန်တော်တို့နည်းလမ်းများ ရှာဖွေကြရမှာ ဖြစ်ပါတယ်။

အဲဒီအတွက်ကြောင့် စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရာမှာ အာဆီယံ၊ အာဖရိကသမဂ္ဂ၊ အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲနဲ့ အရှေ့အာရှထိပ်သီးညီလာခံများစတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများရဲ့ အရေးပါတဲ့အခန်းကဏ္ဍကို ကျွန်တော်တို့ အသိအမှတ်ပြုပါတယ်။ တိုက်ကြီးနှစ်ခုအကြား မိတ်ဖက်သစ်ရဲ့အောင်မြင်မှုကို တိုးပွားနေတဲ့ ပြည်သူအချင်းချင်းဆက်ဆံမှုက အထောက်အကူပြုလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဘန်ဒေါင်းမူကြီးများကိုလိုက်နာရင်း ကျွန်တော်တို့ရဲ့ချစ်ကြည်ရင်းနှီးမှု တိုးတက်ရှင်သန်ဖို့ ထပ်မံကြိုးပမ်းကြပါစို့။ မဟာဗျူဟာမိတ်ဖက်သစ်ထူထောင်ဖို့နဲ့ ဘန်ဒေါင်းအသိစိတ်ဓာတ် ပြန်လည်ရှင်သန်စေဖို့ မြန်မာနိုင်ငံက အပြည့်အဝထောက်ခံပါကြောင်း ပြောကြားလိုပါတယ်။

ပူးတွဲသဘာပတိကြီးများခင်ဗျား –

သဘာဝဘေးအန္တရာယ်များနဲ့ပတ်သက်လို့ပြောရရင် အာရှ–အာဖရိက တိုက်ကြီးနှစ်ခု အတူတကွ ဆက်စပ်နေတာကို ဒီဇင်ဘာလ ၂၆ ရက်နေ့ကဖြစ်ပွားခဲ့တဲ့ လျှော့တွက်လို့မရတဲ့ ဆူနာမီဘေးအန္တရာယ်က ကျွန်တော်တို့ကို သတိပေးညွှန်ပြနေပါတယ်။ ဒါကြောင့် ဘေးအန္တရာယ်အားလုံးကို ကြိုတင်သတိပေးတဲ့စနစ် တိုးတက်လာဖို့ ကျွန်တော်တို့အနေနဲ့ ဘက်စုံမဟာဗျူဟာ ချမှတ်ဆောင်ရွက်တာဟာ သင့်လျော်မှန်ကန်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ကျွန်တော်တို့ရဲ့အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများအကြား လုပ်ငန်းအတွေ့အကြုံများ ဖလှယ်ကြတဲ့အခါ နီးနီးကပ်ကပ် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ကြဖို့ တိုက်တွန်းအားပေးရမှာဖြစ်ပါတယ်။ ဘေးအန္တရာယ်ကြုံတွေ့ကြရတဲ့ ပြည်သူများ ကိုယ့်ကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် အသိပညာပေးမှုတွေ တိုးမြှင့်ဖို့နဲ့ စွမ်းဆောင်ရည်များ မြင့်မားလာဖို့တို့ကို ကျွန်တော်တို့အနေနဲ့ အားပေးရမှာဖြစ်ပါတယ်။

ဒါကြောင့် ဒီညီလာခံကြီးမှာချမှတ်မယ့် ဆူနာမီ၊ မြေငလျင်၊ အခြားသဘာဝဘေးအန္တရာယ်များနဲ့ ပတ်သက်တဲ့ ပူးတွဲကြေညာချက်ကို မြန်မာနိုင်ငံက ကြိုဆိုပါတယ်။ ကျွန်တော်တို့မကြာသေးမီက ကြုံတွေ့ခဲ့ကြရတဲ့ ပြင်းထန်တဲ့ ဘေးအန္တရာယ်မျိုး ထပ်မဖြစ်ဖို့ ကျွန်တော်တို့အတူတကွ လက်တွဲဆောင်ရွက်ကြရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

လေးစားအပ်တဲ့ ပူးတွဲသဘာပတိကြီးများ၊ အဆွေတော်များ အခုလို စိတ်ရှည်ရှည်နဲ့ နားထောင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

၂၀၀၅ ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံ ဒုတိယနေ့ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် အာရှ–အာဖရိကထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနား ဂျကာတာမြို့၌ကျင်းပ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံပေါင်း ၁၀၅နိုင်ငံမှ နိုင်ငံအကြီးအကဲ/ အစိုးရအဖွဲ့အကြီးအကဲများတက်ရောက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၅ ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံ အပြီးတွင် ထုတ်ပြန်မည့် ကြေညာချက်ကို ဧပြီ ၂၂ ရက် ညီလာခံ ပထမနေ့တွင် လက်မှတ်ရေးထိုးစဉ်။ **(သတင်းစဉ်)**

ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်

၂၀၀၅ ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာရှ–အာဖရိကကွန်ဖရင့် အထိမ်းအမှတ်ရွှေရတုအခမ်းအနားတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။ **(သတင်းစဉ်)**

မှတ်တမ်းတင် ဓာတ်ပုံရိုက်

၂၀၀၅ ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အာရှ–အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ **Jakarta Convention Center, Main Lobby** ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

26-4 (09).p65 1 3/24/05, 6:14 PM

ရွှေရတုသဘင်ပွဲဆင်နွှဲချိန်သို့ ရောက်ရှိလာသော အာရှ–အာဖရိကနိုင်ငံများ ကွန်ဖရင့်

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ၁၉၅၅ခုနှစ် ဧပြီလ၁၈ရက်နေ့မှ ၂၄ရက်နေ့အထိ ကျင်းပခဲ့သော အာရှ–အာဖရိကနိုင်ငံများ ကွန်ဖရင့် (ညီလာခံ) ကြီးသည် ယခုနှစ်တွင် နှစ်(၅၀)ပြည့်မြောက်ကာ ရွှေရတုသဘင်အခါရောက်ခဲ့ပြီ ဖြစ်သည်။

ထိုအာရှ–အာဖရိကနိုင်ငံများညီလာခံကျင်းပရာ ဘန်ဒေါင်းမြို့ကို အစွဲပြုပြီး ဘန်ဒေါင်းညီလာခံဟု လူသိများခဲ့သည်။ အာရှ–အာဖရိကနိုင်ငံများ(ဘန်ဒေါင်း) ညီလာခံကို ကိုလံဘိုငါးနိုင်ငံက ကမကထပြုပြီး ကျင်းပခဲ့ခြင်းဖြစ်သည်။ ၁၉၅၄ခုနှစ် ဧပြီလတွင် မြန်မာ၊အိန္ဒိယ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ပါကစ္စတန် ငါးနိုင်ငံမှ ခေါင်းဆောင်များ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် တွေ့ဆုံပြီး နိုင်ငံတကာနယ်ပယ်တွင် အာရှ–အာဖရိကနိုင်ငံများ၏ အခန်းကဏ္ဍ မြင့်မားလာသည့်အလျောက် လက်ရှိအာရှ–အာဖရိက ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ တိုးမြှင့်ရန် အာရှ–အာဖရိကနိုင်ငံများ ညီလာခံကြီး ကျင်းပရေး ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။ ၁၉၅၄ခုနှစ် မေလ ၁ရက်နေ့နှင့် ၂ရက်နေ့တို့တွင် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ ဆက်လက် ညှိနှိုင်းခဲ့ကြသည်။ ထိုနှစ်ဒီဇင်ဘာလ၌ အင်ဒိုနီးရှားနိုင်ငံ ဗိုဂေါမြို့တွင် ယင်းငါးနိုင်ငံ ထပ်မံတွေ့ဆုံ ညှိနှိုင်းကာ အာရှ–အာဖရိကနိုင်ငံများ ညီလာခံ ကျင်းပရေးအတွက် အပြီးသတ် ပြင်ဆင်ညှိနှိုင်းပြီး ၁၉၅၅ခုနှစ် ဧပြီလတွင် ဘန်ဒေါင်းညီလာခံခေါ် အာရှ–အာဖရိကနိုင်ငံများ ကွန်ဖရင့်ကြီး ကျင်းပခဲ့ကြခြင်းဖြစ်သည်။

ထိုညီလာခံကြီးသို့ အာရှ–အာဖရိက ၂၉နိုင်ငံမှ တက်ရောက်ခဲ့ကြသည်။ ယင်းနိုင်ငံများမှာ(၁)ကမ္ဘောဒီးယား (၂)ဂိုးလ်ကို့စ် (၃)ဂျပန် (၄)ဂျော်ဒန် (၅)ဆီးရီးယား (၆)ဆူဒန် (၇)ဆော်ဒီအာရေဗျ (၈)တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၉)တူရကီ (၁၀)ထိုင်း (၁၁)နီပေါ (၁၂)ပါကစ္စတန် (၁၃)ဖိလစ်ပိုင် (၁၄)ဗီယက်နမ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ(မြောက်ဗီယက်နမ်) (၁၅)ဗီယက်နမ်သမ္မတနိုင်ငံ(တောင်ဗီယက်နမ်) (၁၆)မြန်မာ (၁၇)ယီမင် (၁၈)လက်ဘနွန် (၁၉)လာအို (၂၀) လိုက်ဘေးရီးယား (၂၁) လစ်ဗျား (၂၂)သီရိလင်္ကာ (၂၃)အာဖဂန်နစ္စတန် (၂၄) အီဂျစ် (၂၅)အီရတ် (၂၆)အီရန် (၂၇)အီသီယိုပီးယား (၂၈)အင်ဒိုနီးရှား (၂၉)အိန္ဒိယနိုင်ငံတို့ ဖြစ်ကြသည်။

အာရှ–အာဖရိက ကွန်ဖရင့်သို့ တက်ရောက်ကြသော ခေါင်းဆောင်များက ကမ္ဘာ့ပြဿနာများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ကြသည်။ ဘန်ဒေါင်းညီလာခံအပြီးတွင် ဘန်ဒေါင်းကြေညာချက်၊ ဘန်ဒေါင်းမူဟုတွင်သော ကြေညာချက် ထုတ်ပြန်ခဲ့ကြသည်။ ယင်းကြေညာချက်တွင် ယုံကြည်မှု အပြည့်အဝဖြင့် သံသယကင်းရှင်းစွာ တစ်ဦးကိုတစ်ဦး ယုံကြည်လေးစားလျက် နိုင်ငံအားလုံးက အောက်ပါအချက်များအပေါ် မူတည်၍ အိမ်နီးချင်းကောင်းများအဖြစ် ငြိမ်းချမ်းစွာ အတူတကွ နေထိုင်သင့်ကြောင်း၊ မိတ်ဆွေပီသစွာ ပူးပေါင်းဆောင်ရွက်သင့်ကြောင်းဖြင့် နိဒါန်းပျိုး ဖော်ပြထားသည်။

အာရှ–အာဖရိကနိုင်ငံများ ကွန်ဖရင့် အပြီးသတ် ကြေညာချက် (ဘန်ဒေါင်းကြေညာချက်၊ ဘန်ဒေါင်းမူ)ဟုတွင်သော မူများမှာ–

(၁) လူ့အခြေခံအခွင့်အရေးများနှင့် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ပါ အခြေခံမူများနှင့် ရည်ရွယ်ချက်များကို လေးစားခြင်း။

(၂) နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်မှုနှင့် နယ်မြေတည်တံ့မှုကို လေးစားခြင်း။

(၃) ကြီးသည်ငယ်သည်မဟူ လူမျိုးအားလုံးတန်းတူရှိမှုနှင့် နိုင်ငံအားလုံး တန်းတူရည်တူရှိမှုကို အသိအမှတ်ပြုခြင်း။

(၄) နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် ဝင်ရောက်ကျူးကျော်ခြင်းမှ ရှောင်ကြဉ်ခြင်း။

(၅) ကုလသမဂ္ဂပဋိညာဉ်စာချုပ်နှင့်အညီ နိုင်ငံတိုင်းသည် မိမိကိုယ်ကို ကာကွယ်ရေးအတွက် တစ်နိုင်ငံချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကာကွယ်ပိုင်ခွင့်ရှိမှုကို လေးစားခြင်း။

(၆) (က) စုပေါင်းကာကွယ်မှုကို အင်အားကြီးနိုင်ငံ တစ်နိုင်ငံ၏ အကျိုးစီးပွားအတွက် အသုံးချခြင်းနှင့်

(ခ) နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံများအပေါ် အကျပ်ကိုင်ခြင်းများကို ရှောင်ကြဉ်ခြင်း။

(၇) နိုင်ငံတိုင်း၏ နယ်မြေတည်တံ့မှု၊ သို့မဟုတ် နိုင်ငံရေးလွတ်လပ်မှုကို ကျူးကျော်ခြင်း၊ သို့မဟုတ် ကျူးကျော်ရန် ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် အင်အားကို အသုံးပြုခြင်းများအား ရှောင်ကြဉ်ခြင်း။

(၈) အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုများကို တွေ့ဆုံဆွေးနွေးခြင်း၊ စေ့စပ်လိုက်လျောခြင်း၊ ဖျန်ဖြေခြင်းနှင့် တရားဥပဒေနှင့်အညီ ဖြေရှင်းခြင်းစသော ငြိမ်းချမ်းသောနည်းလမ်းများဖြင့် သက်ဆိုင်ရာ နိုင်ငံတို့က ကုလသမဂ္ဂပဋိညာဉ်စာချုပ်နှင့်အညီ ဖြေရှင်းခြင်း။

(၉) အပြန်အလှန်အကျိုးရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်မြှင့်တင်ခြင်း။

(၁၀) တရားမျှတမှုနှင့် အပြည်ပြည်ဆိုင်ရာ ဝတ္တရားများကို လေးစားခြင်း တို့ဖြစ်ကြသည်။

အာရှ–အာဖရိကနိုင်ငံများ၏ ၁၉၅၅ခုနှစ် ဧပြီလ ကြေညာချက်မူများသည် ဘက်မလိုက်နိုင်ငံများ ဖြစ်ပေါ်ဖွဲ့စည်းလာရန်အတွက် အခြေခံမူ(ဝါ)မျိုးစေ့ချပေးလိုက်သကဲ့သို့ ရှိလေသည်။ ဤအကျိုးဆက်အဖြစ် ၁၉၆၁ခုနှစ် စက်တင်ဘာလတွင် ပထမအကြိမ် ဘက်မလိုက်နိုင်ငံများ၏ အစည်းအဝေး ကျင်းပနိုင်ခဲ့သည်။ ထို့နောက် ဘက်မလိုက်နိုင်ငံအများအပြား လွတ်လပ်ရေး ရလာကြသည်။ ကုလသမဂ္ဂအဖွဲ့ဝင် ဖြစ်လာကြသည်။ ဘက်မလိုက်ထိပ်သီးအစည်းအဝေး၊ ဝန်ကြီးအဆင့် အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပကာ နိုင်ငံတကာရေးရာများကို ဘက်လိုက်မှုမရှိ သမာသမတ်အမြင်များဖြင့် ဆွေးနွေးသုံးသတ်ခဲ့ကြသည်။ ယခုအခါ ဘက်မလိုက်လှုပ်ရှားမှုတွင် နိုင်ငံတစ်ရာကျော် ပါဝင်လာပြီ ဖြစ်သည်။

ဘက်မလိုက်ဟူသော အသုံးအနှုန်းသည် ကြားနေရေး၊ တည့်မတ်သော ကြားနေရေးဟူသော အသုံးအနှုန်းမှ မြစ်ဖျားခံလာခြင်းဖြစ်သည်။ လွန်ခဲ့သည့် ရာစုနှစ်များအတွင်း ဥရောပအရင်းရှင်နိုင်ငံ ဒါဇင်ဝက်ခန့်သည် ကမ္ဘာ့လူဦးရေ ၇၀ရာခိုင်နှုန်းနေထိုင်ရာ ကမ္ဘာ့မြေပြင်၏ ၇၇ရာခိုင်နှုန်းသော နိုင်ငံဒေသများကို အင်အားသုံးနယ်ချဲ့၊ ကျွန်ပြု၊ စိုးမိုးကာ ရာစုနှစ်နှင့်ချီပြီး ခြယ်လှယ်ဖိနှိပ် သွေးစုပ်အမြတ်ထုတ်ခဲ့ကြသည်။

ကိုလိုနီထမ်းပိုးအောက် ကျရောက်သော နိုင်ငံများမှ ပြည်သူများသည် လွတ်လပ်ရေးပြန်လည်ရရှိရန် အသက်၊ သွေး၊ ချွေးရင်းကာ တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုအချိန်တွင် စက်မှုအရင်းရှင်အဆင့် ရောက်လာသော်လည်း ကိုလိုနီနယ်မြေ ဝေစုမရလိုက်သော သုံးနိုင်ငံက ဝင်ရိုးတန်းသုံးနိုင်ငံဖွဲ့ကာ နယ်ချဲ့တို့ သိမ်းပိုက်ထားသည့် ကိုလိုနီဝေစုများကို လုယက်တိုက်ခိုက်ရင်း ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ရာ တစ်ကမ္ဘာလုံး ပျက်စီးဆုံးရှုံးပြီး လူ့အသက် သန်းပေါင်း ခြောက်ဆယ်ခန့် သေဆုံးခဲ့ရသည်။

ထိုဖက်ဆစ်ဝင်ရိုးတန်း သုံးနိုင်ငံခေါင်းဆောင်များဖြစ်သည့် နာဇီဟစ်တလာ (ဂျာမနီ)၊ ဖက်ဆစ်မူဆိုလိုနီ(အီတလီ)၊ ဖက်ဆစ်နန်းရင်းဝန် တိုဂျို(ဂျပန်)တို့အား

တက္ကသိုလ်မြတ်သူ

အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဩစတြေးလျားစသည့် အနောက်အုပ်စုနှင့် လက်တွဲကာ ဆိုဗီယက်ရုရှားတို့က ပူးပေါင်းဖြိုခွင်းခဲ့သည်။ ကမ္ဘာစစ်ကြီးအပြီး ကမ္ဘာ့သူကမ္ဘာ့သားများ နောက်ထပ်စစ်ဘေးမကြုံ လုံခြုံအေးချမ်း သာယာဝပြောစွာနေနိုင်ကြရန် ၁၉၄၅ခုနှစ် အောက်တိုဘာလ ၂၄ရက်နေ့၌ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ၅၁နိုင်ငံဖြင့် တည်ထောင်ခဲ့သည်။ ယခုအခါ ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၁နိုင်ငံ ရှိလာပေပြီ။

ကုလသမဂ္ဂအဖွဲ့ဝင် အများစုကြီးမှာ ကိုလိုနီထမ်းပိုးအောက်မှ လွတ်မြောက်လာသော နိုင်ငံများဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့၏ ရည်ရွယ်ချက်၊ အခြေခံမူများနှင့် အဖွဲ့ဝင်မှန်သမျှက လိုက်နာပါမည်ဟု ဝန်ခံကတိပြု(ပဋိညာဉ်ပြု)လက်မှတ်ရေးထိုးရသည့် U.N Charter ခေါ် ကုလသမဂ္ဂပဋိညာဉ် စာချုပ်ပါ မူများသည် ဘန်ဒေါင်းမူ(၁၀)ချက်နှင့် အံဝင်ခွင်ကျ ရှိလှပေသည်။

ဒုတိယကမ္ဘာစစ်အတွင်း မူလနယ်ချဲ့နိုင်ငံများဖြစ်သည့် ဥရောပမှ ဗြိတိန်၊ ပြင်သစ်၊ ဒတ်ချ်စသည်တို့မှာ စစ်ဒဏ်ခံရခြင်း၊ ကိုလိုနီနိုင်ငံများ လက်လွှတ်ရခြင်းတို့ကြောင့် ကြုံလှီလာသည်။ အရပ်စကားနှင့်ဆိုရလျှင် အထည်ကြီးပျက်များ ဖြစ်လာသည်။ စစ်အတွင်း ပထဝီအနေအထားအရ ဗုံးတစ်လုံး၊ အမြောက်ဆန်တစ်ဆန် အကျမခံလိုက်ရသော အမေရိကန်သည် အရင်းရှင်ကမ္ဘာ၏ စက်မှုကုန်ထုတ်လုပ်မှု ၆၂ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်ပြီး အရန်ရွှေ ၇၀ရာခိုင်နှုန်း ပိုင်ဆိုင်လာခဲ့သည်။ ထို့ပြင် စစ်ပြီးကာလ အနောက်ဥရောပကို ထောက်ပံ့ ပေးကမ်းသိမ်းသွင်းကာ နေတိုးစစ်အုပ်စုအပါအဝင် အုပ်စုများစွာကို ဖွဲ့စည်း ခေါင်းဆောင်ခဲ့သည်။

ဖက်ဆစ်အုပ်စု ကျဆုံးသွားပြီးနောက် အမေရိကန် ဦးဆောင်သော အနောက်အုပ်စု၊ အရင်းရှင်အုပ်စု၊ လက်ယာအုပ်စုဟု သုံးမည်ရအုပ်စုပေါ်လာသည်။ နာဇီများကို ရှုပ်ရှုပ်ချွံချွံ တွန်းလှန်တိုက်ခိုက်ခဲ့သော အရှေ့ဥရောပနိုင်ငံများတွင် လူထုကတော်လှန်ရေးသမား(ကွန်မြူနစ်)များကို မဲပေးရွေးကောက်ခဲ့သဖြင့် အရှေ့ဥရောပဆိုရှယ်လစ် ရှစ်နိုင်ငံ ပေါ်ထွန်းလာခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုလည်း ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ ၁၅ခု (ယင်းတို့တွင် ရုရှားက အကြီးဆုံး) ပါဝင်သော ပြည်ထောင်စုကြီးဖြစ်လာသည်။ အာရှ၊ လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကတို့တွင်လည်း ဆိုရှယ်လစ်နိုင်ငံများ ပေါ်ထွန်းလာရာ ယင်းနိုင်ငံများအစုအဝေးကို အရှေ့အုပ်စု၊ ဆိုရှယ်လစ်(ကွန်မြူနစ်)အုပ်စု၊ လက်ဝဲအုပ်စုဟု နာမည်သုံးမျိုးဖြင့် ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။

လွတ်လပ်ရေးတိုက်ပွဲဝင်နေသော နိုင်ငံများ၊ ၁၉၄၅မှ ၁၉၅၀ပြည့်နှစ်အတွင်း လွတ်လပ်ရေးရလာသော နိုင်ငံများသည် ကိုလိုနီဒဏ်ခံ၊ စစ်ဒဏ်ခံ မိမိတို့နိုင်ငံများအနေဖြင့် အထက်ဖော်ပြပါ အုပ်စုကြီးနှစ်ခုတွင်မည်သည့်အုပ်စု၌မျှ မပါဝင်ဘဲ ကိုယ့်နိုင်ငံကို ပြန်လည်ထူထောင်ကြရန် ဆန္ဒဖြစ်ပေါ်ခဲ့ကြသည်။

ကမ္ဘာစစ်ကြီးအပြီး လက်နက်အင်အားနှင့် ဝါဒပြိုင်ရင်း လက်ဝဲ၊ လက်ယာ အုပ်စုကြီးနှစ်ခုတို့ စစ်အေးတိုက်ပွဲဆင်နွှဲလာကြရာ လွတ်လပ်ရေးရယူရန် ကြိုးပမ်းနေသော၊ သို့မဟုတ် လွတ်လပ်ပြီးသောနိုင်ငံများကို အလုအယက် သိမ်းသွင်းကြသည်။

မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် အင်ဒိုနီးရှားလေးနိုင်ငံက အာရှနိုင်ငံများ ကွန်ဖရင့်ကျင်းပရန် ညှိနှိုင်းပြီး ၁၉၄၉ခုနှစ် ဇန်နဝါရီလ ၂၀ရက်မှ ၂၃ရက်အထိ နယူးဒေလီမြို့တော်တွင် အာရှကွန်ဖရင့် ကျင်းပနိုင်ခဲ့သည်။ တက်ရောက်သော အာရှ၁၈နိုင်ငံက လွတ်လပ်ရေးကြိုးပမ်းမှုများ ပူးပေါင်းထောက်ခံရေး၊ လွတ်လပ်ရေးရပြီးနိုင်ငံများ အုပ်စုဘက်မလိုက်ဘဲ တိကျ(တည့်မတ်)စွာ ကြားနေရေးမူဝါဒကို နိုင်ငံခြားရေးမူဝါဒအဖြစ် ကျင့်သုံးရေးကို ညှိနှိုင်းခဲ့ကြသည်။ ထိုမှတစ်ဆင့် ဘန်ဒေါင်း၌ အာရှ–အာဖရိကနိုင်ငံများ ကွန်ဖရင့် ကျင်းပခဲ့ကြခြင်း ဖြစ်သည်။

တိကျမှန်ကန်သော ကြားနေရေးမူဝါဒဟူသည် အင်အားကြီးနိုင်ငံများ၏ နိုင်ငံတကာ သဘောတူညီချက်ဖြင့် တည်ထောင်ထားသော သမားရိုးကျ ကြားနေရေးမျိုးမဟုတ်ပေ။ သမားရိုးကျ ကြားနေရေးမှာ မည်သည့်နိုင်ငံများ၏ ပဋိပက္ခ၊ စစ်မက်ဖြစ်ပွားရာ၌ ဝင်မပါဘဲ ကျောခိုင်းလျစ်လျူရှုကာ အင်အားကြီးနိုင်ငံများက မိမိတို့နိုင်ငံ၏ ကြားနေရေးကို သဘောတူခွင့်ပြုသော ပုံစံဖြစ်သည်။ ၁၈၁၅ခုနှစ်တွင် ဆွစ်ဇာလန်က ဗီယင်နာကွန်ဗင်းရှင်း အာမခံချက်ဖြင့် ကြားနေခဲ့သည်။ ဘယ်လ်ဂျီယန်၊ ဆွီဒင်၊ ဩစတြီးယား၊ နော်ဝေ၊ ဒိန်းမတ်တို့ကလည်း သမားရိုးကျ ကြားနေရေး မူဝါဒကျင့်သုံးခဲ့ဖူးသည်။ (ယခုအခါ ယင်းနိုင်ငံအများစုသည် အနောက်အုပ်စု၏ နေတိုးစစ်စာချုပ်အဖွဲ့တွင် ပါဝင်သွားကြပြီ ဖြစ်သည်။)

ဘန်ဒေါင်းမူ အခြေခံပြီး ဘက်မလိုက် နိုင်ငံခြားရေးဝါဒ အားကောင်းလာခဲ့သည်။ အုပ်စုကြီးနှစ်ခုကပင် စိတ်ထဲက ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ ကြားနေ(ဘက်မလိုက်)ရေးမူဝါဒကို အသိအမှတ်ပြုလာကြရသည်။ ဘက်မလိုက်နိုင်ငံများကို လက်ဝဲ၊ လက်ယာအုပ်စုနှစ်ခုအပြင် တတိယနိုင်ငံများ အုပ်စုဖွဲ့ရန် အားထုတ်မှုများ ရှိခဲ့သော်လည်း မြန်မာအပါအဝင် နိုင်ငံအများစုက လက်မခံခဲ့ပေ။

၁၉၆၉ခုနှစ် ဇူလိုင်လက ယူဂိုဆလပ်ပြည်ထောင်စု ဘဲလ်ဂရိတ်မြို့တော်တွင် ကျင်းပသော ဘက်မလိုက်နိုင်ငံများ၏ ထိပ်သီးကွန်ဖရင့် ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေး၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ဤသို့ ပြောကြားခဲ့သည်–

"ကျွန်ုပ်တို့အစိုးရသည် ဘက်မလိုက်နိုင်ငံများအနေနှင့် အုပ်စုသဘော၊ သို့တည်းမဟုတ် ကမ္ဘာ့ တတိယအင်အားစုဖွဲ့စည်းရန် စိတ်ကူးမရှိပါ။ အုပ်စုဖွဲ့စည်းမှုကိုလည်း မလိုလားပါ။ အတိအကျဆိုရလျှင် ကျွန်ုပ်တို့အစိုးရသည် နိုင်ငံခြားရေးရာတွင် အုပ်စုတစ်ခုခု၌ ပါဝင်ပတ်သက်နေခြင်း၊ သို့မဟုတ် နှောင်ဖွဲ့နေရခြင်းကို မလိုလားပါ။ ယင်းသို့အဖြစ်မျိုးနှင့်ကြုံလျှင် ကျွန်ုပ်တို့၏ နိုင်ငံခြားရေးဝါဒ အခြေခံရပ်တည်ချက်နှင့် ဆန့်ကျင်မည်ဖြစ်ပါသည်။"

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးပြန်လည်ရရှိသော ၁၉၄၈ခုနှစ် ဇန်နဝါရီလ၄ရက်နေ့မှာပင် တိကျသော ကြားနေရေး မူဝါဒကျင့်သုံးမည်ဟုယတိပြတ်ကြေညာခဲ့သည်။ အစဉ်တစိုက်ကျင့်သုံးခဲ့သည်။၂–၃–၁၉၆၂ ရက်နေ့တွင် နိုင်ငံတာဝန်ယူခဲ့ရသော တော်လှန်ရေးကောင်စီသည် တိကျမှန်ကန်သည့် ကြားနေရေး မူဝါဒဆက်လက်ကျင့်သုံးမည်ဟု ကြေညာခဲ့သည်။

တော်လှန်ရေးကောင်စီ၏ နိုင်ငံခြားရေးဝါဒ ကြေညာချက်တွင် (၁) မြန်မာနိုင်ငံသည် ပြည်ထောင် အချင်းချင်း တရားမျှတမှုနှင့် နိုင်ငံတကာတို့စောင့်ရှောက်အပ်သော ကျင့်ဝတ်သိက္ခာတို့ကို အခြေပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေးကိုလည်းကောင်း၊ နိုင်ငံအားလုံးနှင့် ချစ်ကြည်စွာ ဆက်သွယ် ပူးပေါင်းဆောင်ရွက်ရေးကိုလည်းကောင်း မမိုတ်မသုန်ယုံကြည်ရေးရှုကြောင်း ခိုင်မြဲသော အဓိဋ္ဌာန်ကို ထပ်မံ၍ အတည်ပြုသည်။ (၂) ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ပဋိညာဉ်စာချုပ်တွင် ပါဝင်သည့် မူကြီးများနှင့် ရည်မှန်းချက်များကို လုံးဝဥသုံ ယုံကြည်၍ စိတ်ရောကိုယ်ပါ ထောက်ခံအားပေးကြောင်း ခိုင်မြဲသည့် အဓိဋ္ဌာန်ကို ထပ်မံအတည်ပြုသည်။ (၃) ပြည်ထောင်စုမြန်မာနိုင်ငံတော် အနေဖြင့် လွတ်လပ်ရေးရရှိသည့်အချိန်မှအစပြု၍ လိုက်နာကျင့်သုံးခဲ့သည့် တိကျမှန်ကန်သောကြားနေရေးဝါဒသည် လက်ရှိကမ္ဘာ့ အခြေအနေများအရ နိုင်ငံတော်အတွက် အသင့်တော်ဆုံးဝါဒဖြစ်သည် ဟူ၍ လည်းကောင်း၊ ၎င်းဝါဒကို တိကျစွာ လိုက်နာကျင့်သုံးခြင်းသည် မြန်မာနိုင်ငံတော်နှင့် ကမ္ဘာကြီးအတွက် ပိုမိုကျယ်ပြန့်စွာ အကျိုးဖြစ်ထွန်းစေနိုင်မည်ဟူ၍ လည်းကောင်း စွဲမြဲစွာ ယုံကြည်ကြောင်း ထပ်မံအတည်ပြုသည်။ (၄) ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အထက်တွင် ဖော်ပြပါရှိသည့် ဝါဒကို အခြေပြု၍ နိုင်ငံအားလုံးနှင့် လက်ရှိအတိုင်း ချစ်ကြည်ရင်းနှီးစွာ ဆက်သွယ်မှုများ ဆက်လက်တည်ရှိနေမည်ဟု မျှော်မှန်းလျက်ရှိသည်ဟူ၍ ဖော်ပြခဲ့သည်။

ဘက်မလိုက်ရေး၊ ကြားနေရေးမူဝါဒနှင့် ပတ်သက်၍ ၁၉၆၈ခုနှစ် မေလ Spectrum မဂ္ဂဇင်း(ရန်ကုန်ထုတ်)တွင် ပီတာလိုင်းယွန်းက "Neutralism and Polycentrism" ဆောင်းပါးရေးသားရာ၌ ဘက်မလိုက်ဝါဒ၏ အကျိုးတရားကို ဤသို့ဖော်ပြခဲ့သည်။

"လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံသစ်အများစု၏ နိုင်ငံခြားရေးဝါဒအဖြစ် ပေါ်ပေါက်ဖြစ်ထွန်းလာသော ကြားနေရေး ဝါဒသည် နိုင်ငံတကာ ခိုက်ရန်ဖြစ်ပွားမှုများ လျော့ပါးရေး၊ သို့မဟုတ် ချုပ်ငြိမ်းကွယ်ပျောက်ရေးအတွက် အထောက်အကူပြုပေသည်။ လူ့ကျင့်ဝတ် သိက္ခာနှင့် ညီညွတ်ပေသည်။ စစ်မှန်သည့် လွတ်လပ်သော မူဝါဒလည်း ဖြစ်ပေသည်။ နယ်ချဲ့စနစ်၊ ကိုလိုနီစနစ်နှင့် ကိုလိုနီလက်သစ်စနစ်ကို ဆန့်ကျင်၍ လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးတို့အတွက် အထောက်အကူပြုသည်ဟူသော အချက်များနှင့် အကျုံးဝင်ပေသည်။"

၁၉၇၁ခုနှစ်တွင် မြန်မာနိုင်ငံက မိမိ၏ နိုင်ငံခြားရေးဝါဒကို လွတ်လပ်သော နိုင်ငံခြားရေးဝါဒဟု သုံးနှုန်းခဲ့သည်။ ကြားနေရေးသည် ခံစည်းရိုးခွထိုင်သောဝါဒ၊ အချောင်သမားလမ်းစဉ်မဟုတ်။ အုပ်စုကြီးများ၏ စစ်အေးတိုက်ပွဲတွင် ဘက်လိုက်ပါဝင်ခြင်း မပြုသော်လည်း ဘန်ဒေါင်းမူ၊ ကုလသမဂ္ဂမူဘောင်အတွင်းမှ ကမ္ဘာ့အတွက်အကောင်းဆုံး လုပ်ရပ်များတွင် ထောက်ခံပါဝင်ပြီး အကျိုးယုတ်သော လုပ်ရပ်များအား ဆန့်ကျင်ကန့်ကွက်မှုများကို လွတ်လပ်စွာ သုံးသပ်၊ ဆုံးဖြတ်လုပ်ဆောင်နိုင်သည့် မူဝါဒအဖြစ် သရုပ်ပေါ်စေခဲ့သည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် လူမျိုး၊ အသားအရောင်၊ ဆင်းရဲချမ်းသာ၊ မူဝါဒ၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှုမည်မျှပင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၅ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံဒုတိယနေ့သို့ တက်ရောက်

ရန်ကုန် ဧပြီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ၂၃ရက် နံနက်ပိုင်းတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center, Plenary Hall၌ ကျင်းပသည့် ၂၀၀၅ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံ ဒုတိယနေ့သို့ တက်ရောက်သည်။

ထိပ်သီးညီလာခံ ဒုတိယနေ့သို့ အာရှ–အာဖရိကနှင့် အခြားနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မိန့်ခွန်းပြောကြား

ထိပ်သီးညီလာခံ ဒုတိယနေ့အစီအစဉ် စတင်သည်နှင့် အာရှ–အာဖရိက နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အာရှ–အာဖရိက မဟာဗျူဟာ မိတ်ဖက်သစ်နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားကြသည်။

တက်ရောက်လေ့လာ

ထိပ်သီးညီလာခံ ဒုတိယနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး

အာရှ–အာဖရိက ထိပ်သီးညီလာခံ တက်ရောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၅ခုနှစ် အာရှ–အာဖရိက ထိပ်သီး ညီလာခံ ဒုတိယနေ့သို့ တက်ရောက်လာစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ၂၀၀၅ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံ ဒုတိယနေ့သို့ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

သိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်မြင့်တို့ တက်ရောက်ကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနအကြီးအကဲများသည် ထိပ်သီးညီလာခံဒုတိယနေ့ ကျင်းပပုံများကို Cendrawasih Room၌ တက်ရောက်လေ့လာကြသည်။

ရင်းနှီးခင်မင်စွာတွေ့ဆုံ

ညီလာခံနံနက်ပိုင်း ခေတ္တရပ်နားချိန်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးတို့သည် နားနေခန်း၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံကြသည်။

ထို့နောက် ညီလာခံကို ပြန်လည်ကျင်းပရာ နိုင်ငံအလိုက်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ အထူးကိုယ်စားလှယ်များနှင့် လေ့လာသူများက မိန့်ခွန်းအသီးသီးပြောကြားကြသည်။

ယင်းနောက် အင်ဒိုနီးရှားကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌက အာရှ–အာဖရိက စီးပွားရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးနှင့်စပ်လျဉ်း၍ ညီလာခံသို့ တင်ပြသည်။

အတည်ပြု

ဆက်လက်၍ ၂၀၀၅ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံ၏ ရလဒ်၊ အာရှ–အာဖရိက မဟာဗျူဟာမိတ်ဖက်သစ် ကြေညာချက်နှင့် ဆူနာမီဘေးအန္တရာယ်ဆိုင်ရာ ကြေညာချက်တို့ကို ထိပ်သီးညီလာခံက အတည်ပြုသည်။

ထို့နောက် ထိပ်သီးညီလာခံ ပူးတွဲသဘာပတိများဖြစ်ကြသည့် တောင်အာဖရိကသမ္မတနိုင်ငံသမ္မတ မစ္စတာတာဘို၊ အမ်၊ အမ်ဘီကီနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုတို့က မိန့်ခွန်းပြောကြားကြပြီး ညနေ ၆ နာရီခွဲတွင် ညီလာခံကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ခြားနားကွဲပြား စေကာမူ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာစသည့် ဗြဟ္မစိုရ်တရားနှင့် ကိုက်ညီသည့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို ယုံကြည်သက်ဝင် ကျင့်သုံးလျက်ရှိသည်။ ယင်းမူကြီးငါးချက်မှာ–

(၁) တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊

(၂) တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုရန်။

(၃) တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်မှု မပြုရန်၊

(၄) တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူမှုရှိရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေရန်၊

(၅) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန်။

တို့ဖြစ်သည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ချစ်ကြည်ရေး အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဝတ်မပျက် ချစ်ကြည်စွာဆက်ဆံရင်း ကမ္ဘာ့ရေးရာများကို ကမ္ဘာ့မိသားစုဝင် တစ်နိုင်ငံအဖြစ် လွတ်လပ်တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။

တိုင်းဆူပြည်ဖျက် အခြေအနေများကြောင့် ၁၈–၉–၁၉၈၈ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်တာဝန်ဝင်ယူခဲ့ရသည့်နေ့မှာပင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ်(၃/၈၈) ထုတ်ပြန်ကာ "ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်လက်၍ ကျင့်သုံးမည်ဖြစ်သည်"ဟု အစဉ်အလာ မြန်မာ့နိုင်ငံခြားရေးဝါဒကို ထပ်လောင်းအတည်ပြုခဲ့သည်။

မြန်မာနိုင်ငံတွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင်လည်း မြန်မာ့ကြားနေရေး နိုင်ငံခြားရေးမူဝါဒကို ပြဋ္ဌာန်းခဲ့သည်။ အခြေခံဥပဒေသစ်ရေးဆွဲရာ၌ ပါဝင်မည့် ကျင်းပဆဲ အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သည့် အခြေခံမူကြီး ၁၀၄ရပ်အနက် နိုင်ငံခြားရေးနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများတွင်–

(၁) နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်။

(၂) နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်း မပြု။

(၃) နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု

ဟူ၍ ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးသက်တမ်း(၅၇)နှစ် တစ်လျှောက် တိကျမှန်ကန်သော ကြားနေရေး(ဝါ) (အုပ်စု)၊ ဘက်မလိုက်ရေး(ဝါ) လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို မယိမ်းမယိုင် တစ်သမတ်တည်း ကျင့်သုံးခဲ့သည်။ ကုလသမဂ္ဂ အလံတော်အောက်၌ ကမ္ဘာ့တာဝန်များကို ဖြောင့်မတ်မှန်ကန်စွာ ထမ်းဆောင်ခဲ့သည်။ အာရှ–အာဖရိကနိုင်ငံများ ကွန်ဖရင့် ၁၉၅၅ခုနှစ်က ချမှတ်သော (ဘန်ဒေါင်းကြေညာချက်)မူဝါဒကို အစဉ်တစိုက် ကျင့်သုံးခဲ့သည်မှာပင် နှစ်ပေါင်း(၅၀)တိုင်ခဲ့ပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရတနာမဉ္ဇူဓမ္မရိပ်သာ ခုနှစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၅

ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်း ရတနာမဉ္ဇူဓမ္မရိပ်သာ၌ လယ်တီမူအနာဂါမ်ဆရာသက်ကြီးနည်းဖြင့် (မဟာသဒ္ဓမ္မဇောတိကဓဇ)ဆရာကြီးဦးသန်း(ဒလပျော်ဘွယ်ကြီး) ဦးဆောင်၍ မေ ၁ရက်မှ ၈ရက်အထိ လစဉ် လပြည့်ကျော် ၈ရက်နေ့တိုင်း ခုနစ်ရက်ဝိပဿနာ တရားစခန်း ဖွင့်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသောယောဂီများ ဖွင့်မည့်ရက် နံနက် ၇နာရီအရောက် မှတ်ပုံတင်ယူဆောင်၍ ရတနာမဉ္ဇူဓမ္မရိပ်သာသို့ လာရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။

(က–ပ)

26-4 (11).p65 1 3/24/05, 6:14 PM

စာမျက်နှာ ၇ မှ

အာရှ-အာဖရိက ထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြသည်။

တက်ရောက်လေ့လာ

အလားတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနအကြီးအကဲများသည် ထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပပုံများကို Cendrawasih Room ၌ တက်ရောက်လေ့လာကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီး နံနက်၁၀နာရီတွင် Plenary Hall၌၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံအစီအစဉ်များကို ဆက်လက်ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအင်န်၊ ဟာဆန်ဝိရာဂျူဒါက ၂၀၀၅ခုနှစ် အာရှ-အာဖရိက ဝန်ကြီးများအဆင့် အစည်းအဝေး၏ရလဒ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အာရှ-အာဖရိက မဟာဗျူဟာမိတ်ဖက်သစ် (New Asian-African Strategic Partnership) နှင့်စပ်လျဉ်း၍ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများက မိန့်ခွန်းများပြောကြားကြရာ ရှေးဦးစွာ နိုင်ဂျီးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအိုလူဆီဂန်အိုဘာဆန်ဂျိုက မိန့်ခွန်း ပြောကြားသည်။

ထို့နောက် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်၊ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာအဗ္ဗဒဲလ်လာဇိ(စ်)၊ ဘူတဖလိကာ၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂျွန်အိချိရိုကိုအိဇုမိနှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီတို့က မိန့်ခွန်းပြောကြားကြသည်။

တွေ့ဆုံနှုတ်ဆက်

ယင်းနောက် မွန်းတည့် ၁၂နာရီတွင် နေ့လယ်စာသုံးဆောင်ရန် အစည်းအဝေးအစီအစဉ်များကို ခေတ္တရပ်နားရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီဟေးချန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်အိချိရိုကိုအိဇုမိတို့ လာရောက်တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဝန်ကြီးများ၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဝန်ကြီးများသည် Jakarta Convention Center ၏ Assembly Hall 2 ၌ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

အစည်းအဝေးပြန်လည်ကျင်းပ

မွန်းလွဲ ၂နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီးပါဗက်ဇ်မူရှာရက်ဖ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ ဂါနာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျွန်အေဂျေကွမ်ကူဖိုး၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ချန်ဒတ်လွမ်တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်း ပြောကြားသည်။

(ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းကို သီးခြား ဖော်ပြထားပါသည်။)

ဆက်လက်၍ ဇင်ဘာဘွေသမ္မတနိုင်ငံ သမ္မတ Mr. R.G. Mugabe၊ မာလာဝီ သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဘင်ဂူဝါမူသာရီကာနှင့် မွန်ဂိုးလီယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ နာဆာဂျင်ဘာဂါဘမ်ဒီတို့က မိန့်ခွန်းပြောကြားကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံ ပိတ်ပွဲအခမ်းအနားတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုယိုနိုက မိန့်ခွန်းပြောကြားစဉ်။
(သတင်းစဉ်)

၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံ ပိတ်ပွဲအခမ်းအနားတွင် ပူးတွဲသဘာပတိဖြစ်သည့် တောင်အာဖရိက သမ္မတနိုင်ငံ သမ္မတ မစ္စတာ တာဘိုအမ်၊အမ်ဘီကီ မိန့်ခွန်းပြောကြားစဉ်။
(သတင်းစဉ်)

ညနေ ၄နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ မာဒါဂါစကာ ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရာဗာလိုမာနာနာ၊ အာဖဂန်နစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတမစ္စတာဟာမစ်ကာဇိုင်း၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံး၊ ဆူဒန်နိုင်ငံသမ္မတ မစ္စတာအိုမာဟာဆန်အာမက်၊ နီပေါနိုင်ငံ ဘုရင် ဂျန်နင်ဒရာဘီ၊ ဘီခရမ်ရှားဒေ့ဗ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ၊မာဂါပါဂလ်အာရိုယို၊ ဘော့စွာနာသမ္မတနိုင်ငံ သမ္မတ Mr.Fetus G.Mogae၊ ကိုမိုရိုစ်နိုင်ငံသမ္မတ Mr. Monsieur AZALI Assoumani၊ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီဟေးချန်၊ တူနီးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမိုဟာမက်ဂါနိုအူချီ၊ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ကင်မ်ယောင်နမ်နှင့် မော်ရိုကိုနိုင်ငံ ဝန်ကြီးချုပ် Mr. Driss Jettou တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ပူးတွဲသဘာပတိ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ထိပ်သီးညီလာခံအပြီးတွင် ထုတ်ပြန်မည့်ကြေညာချက်ကို နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများက ကန့်ကွက်ရန် မရှိသဖြင့် အတည်ပြုကြောင်း ကြေညာပြီး ထိပ်သီးညီလာခံ ပထမနေ့အစီအစဉ်များကို ညနေ ၆နာရီ ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

လက်မှတ်ရေးထိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိပ်သီးညီလာခံအပြီးတွင် ထုတ်ပြန်မည့် ကြေညာချက်ကို ထိပ်သီးညီလာခံ ပထမနေ့ ညနေပိုင်းတွင် အခြားနိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ လက်မှတ်ရေးထိုးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ညပိုင်းတွင် ဂျကာတာမြို့ သမ္မတအိမ်တော် အစ္စတာနာ နီဂါရာ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးမြင့်ဆွေအား ပြောင်းရွှေ့ခန့်အပ်

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေအား အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူး၍ ဟောပြောပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူးကျင်းပသော ဟောပြောပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစာပေဆုရ စာရေးဆရာမကြီးဒေါက်တာမတင်ဝင်းက 'နူးညံ့သောရင်ခွင်များ' ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ဒုတိယဌာနကြီးမှူးများ၊ဒုတိယလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင် ဝန်ထမ်းများ စုစုပေါင်း အင်အား ၅၀၀ခန့် တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

တင်ပြမိတ်ဆက်

ထို့နောက် အခမ်းအနားမှူး ပြန်ကြားရေးရာဌာနကြီး အတွင်းရေးမှူး ဒေါ်သန်းသန်းဝင်းက ဟောပြောမည့် စာရေးဆရာမကြီး ဒေါက်တာ မတင်ဝင်း၏ ကိုယ်ရေးအကျဉ်းကို တင်ပြမိတ်ဆက်ပေးသည်။

ရှင်းလင်းဟောပြော

ဆက်လက်၍ ပညာရေးတက္ကသိုလ် ပါမောက္ခ(ငြိမ်း) အမျိုးသားစာပေဆုရ စာရေးဆရာမကြီး ဒေါက်တာ မတင်ဝင်းက 'နူးညံ့သောရင်ခွင်များ' ခေါင်းစဉ်ဖြင့် စိတ်ဝင်စားဖွယ် အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက ဟောပြောပေးသော စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(အောက်ပုံ)



26-4 (12).p65 1 3/24/05, 6:14 PM

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ချုပ်များအား တွေ့ဆုံမှာကြားသည့် အခမ်းအနားကို ဧပြီ ၂၅ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် အဖွင့်အမှာစကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင် လယ်ယာထွက်ကုန်အသင်းက ဆောက်လုပ်ရေးကို ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြန်လည်ကျင်းပရာ လယ်ယာထွက်ကုန်အသင်းက ဆောက်လုပ်ရေးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယခုနှစ် ဘောလုံးရာသီမှ အဆင့်မြင့်တန်းသို့ တက်ရောက်လာသော မျက်နှာသစ်လယ်ယာထွက်ကုန်အသင်းက သမ္မာရင့်ဝါရင့် ဆောက်လုပ်ရေးအသင်းကို ခြေစွမ်းပြကစားပြီး ဂိုးပြတ်အနိုင်ရရှိသွားခြင်းဖြစ်သည်။ လယ်ယာထွက်ကုန်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး မိနစ် ၂၀ အကြာတွင် အောင်ရဲထွဋ်က ခေါင်းတိုက်သွင်းယူပေးသည်။ လယ်ယာထွက်ကုန်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် စထက်နိုင်ဝင်းကလည်းကောင်း၊ တတိယဂိုးကို ပွဲချိန် မိနစ် ၃၀ တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် အောင်မျိုးသန့်က လည်းကောင်း သွင်းယူသဖြင့် ပထမပိုင်းအပြီးမှာပင် သုံးဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် လယ်ယာထွက်ကုန်အသင်းက နှစ်ဂိုး ထပ်မံရရှိခဲ့ရာ ပွဲချိန်မိနစ် ၇၀ တွင် နိုင်ဝင်းက စတုတ္ထဂိုး၊ ပွဲချိန် ၇၉ မိနစ်တွင် စထက်နိုင်ဝင်းက ပဉ္စမဂိုးသွင်းယူပေးသည်။ ဆောက်လုပ်ရေးအသင်းအတွက် တစ်လုံးတည်းသော သိက္ခာဆယ်ဂိုးကို ပွဲချိန်မိနစ် ၉၀ တွင် ဆန်းဒေးသိန်းက သွင်းယူပေးသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် တံခွန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဘဏ္ဍာ/အခွန်အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အမှတ်ရရှိမှု

ယနေ့ပွဲစဉ်များအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက ၁၁ ပွဲကစား ၃၃ မှတ်၊ ဆောက်လုပ်ရေးအသင်းက ၁၃ ပွဲကစား ၂၂ မှတ်၊ လယ်ယာထွက်ကုန်အသင်းက ၁၄ ပွဲကစား အမှတ် ၂၀၊ တံခွန်အသင်းက ၁၄ ပွဲကစား အမှတ် ၂၀ ရရှိထားသည်။ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် ဒုတိယနေရာမှ စီးပွား/ကူးသန်းအသင်းထက် ၃ မှတ်အသာဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ယနေ့ပွဲ

ဧပြီ ၂၆ ရက် (**ယနေ့**) ညနေ ၄ နာရီတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့် မြို့တော်စည်ပင်အသင်း၊ ပဒေသာအားကစားကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

မန်ချက်စတာယူနိုက်တက်က နယူးကာဆယ်ကိုနိုင် ဒုတိယနေရာပြန်လည်ရယူရန် အာဆင်နယ်ကိုအချက်ပြ

လန်ဒန် ဧပြီ ၂၅

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲများကို တနင်္ဂနွေနေ့က ဆက်လက်ကျင်းပရာ ပို့စ်မောက်အသင်းက ဆောက်သမ်တန်အသင်းကို လည်းကောင်း၊ မန်ချက်စတာယူနိုက်တက်က နယူးကာဆယ်အသင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိသွားခဲ့သည်။

ပို့စ်မောက်က ဆောက်သမ်တန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိရာတွင် လွှာလွှာက ၂၅ မိနစ်အတွင်း ပို့စ်မောက်အသင်းအတွက် နှစ်ဂိုးသွင်းပေးနိုင်ခဲ့သည်။

လွှာလွှာသည် နှစ်ဂိုးမြောက်သွင်းပြီးနောက် ပွဲချိန် ၂၈ မိနစ်တွင် ဒဏ်ရာရရှိ၍ ပြိုင်ပွဲမှ ထွက်သွားရသည်။ ၎င်းအစား ကာမာရာဝင်ကစားသည်ကို တွေ့ရသည်။

ဂိုးသွင်းယူ

ပို့စ်မောက်နှင့် ဆောက်သမ်တန်တို့ ယှဉ်ပြိုင်ကစားရာတွင် ပို့စ်မောက်တိုက်စစ်မှူး လွှာလွှာ (ယာ)**၏ ဂိုးသွင်းယူမှုကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံ-အင်တာနက်)

လွှာလွှာ နှစ်ဂိုးမသွင်းမီ ပို့စ်မောက်အသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို ပွဲစပြီး လေးမိနစ်တွင် ယာကူဘူက ပယ်နယ်တီမှတစ်ဆင့် သွင်းယူသွားခဲ့သည်။ ယာကူဘူ၏ ပယ်နယ်တီဂိုးသွင်းပြီး မိနစ်ပိုင်းအကြာတွင် ပို့စ်မောက်မှ ပက်ထရစ်ဘာဂါ၏ အလွတ် တည်ကန်ဘောမှတစ်ဆင့် အသင်းခေါင်းဆောင် အာဂျင်ဇီယူးက ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့သည်။

သို့ရာတွင် ဟင်ရီကင်မရာက ဆောက်သမ်တန်အသင်း အတွက် ချေပဂိုးတစ်ဂိုး သွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီး ငါးမိနစ်အတွင်း လွှာလွှာက ဆောက်သမ်တန် နောက်ခံလူများကို ကျော်ဖြတ်ကာ ပို့စ်မောက်အတွက် တစ်ဂိုးသွင်းခဲ့သည်။

ဆောက်သမ်တန်တို့ ဂိုးအများဆုံးသွင်းခံရခြင်း၏ အဓိကအကြောင်းအရာမှာ တိုက်စစ်မှူး ပီတာခရော့ချ် ဒဏ်ရာကြောင့် ပါဝင်မကစားနိုင်ခြင်းဖြစ်သည်။ ၎င်းအစား ကာမာရာကို အစားထိုးကစားခဲ့ခြင်း ဖြစ်သည်။

ပီတာခရော့ချ်သည် ယခုနှစ် ဘောလုံးရာသီတွင် ဆောက်သမ်တန်အသင်းအတွက် ၁၄ ဂိုး သွင်းပေးထားသည့် ထိပ်တန်း ဂိုးသွင်းတိုက်စစ်မှူးကောင်းတစ်ယောက် ဖြစ်သည်။ ၎င်းအစား ကာမာရာအား ကီဗင်ဖီးလစ်နှင့် တိုက်စစ်ကို အားဖြည့်ကစားသော်လည်း အဆုံးသတ် မပိုင်မှုကြောင့် အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသည်။

ပို့စ်မောက်အသင်းသည် ယင်းပွဲအနိုင်ရခဲ့၍ ရမှတ် ၃၈ မှတ်ကို စုဆောင်းနိုင်ခဲ့သည်။ သို့ရာတွင် လာမည့် စနေနေ့တွင် နော့ဝှစ်နှင့် ယှဉ်ပြိုင်မည့်ပွဲတွင် အကောင်းဆုံးဖြစ်အောင် ပြန်လည် စုစည်းကစားသွားမည်ဖြစ်ကြောင်း မန်နေဂျာ ရက်ဒ်နက်ပ်က ပြောကြားသွားသည်။

မန်ယူ နိုင်ပွဲပြန်စ

မန်ချက်စတာ ယူနိုက်တက်အသင်းက အိုးထရက်ဖို့ဒ်ကွင်း၌ နယူးကာဆယ်အသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားရာတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

နယူးကာဆယ် အသင်းသည် ၁၉၇၂ ခုနှစ်မှစပြီး အိုးထရက်ဖို့ဒ်ကွင်း၌ မန်ချက်စတာယူနိုက်တက်အသင်းအား ပထမဆုံးအနိုင်ရရှိရန် ကြိုးစားခဲ့ရာ ပွဲချိန် ၂၇ မိနစ်တွင် ဒါရင်အမ်ဘရို့စ်က နယူးကာဆယ်အသင်းအတွက် အားဆေးဂိုး သွင်းပေးလိုက်သည်။ နယူးကာဆယ် ဂိုးသမားရှေးဂစ်ဗင် ကန်ပို့ပေးသည့် ဘောလုံးကို ပီတာရာမိတ်က သွင်းယူရာတွင်လည်း ဂိုးမဝင်ခဲ့ပေ။

ပထမပိုင်းပွဲပြီးသည်အထိ မန်ယူတို့ ချေပဂိုးသွင်းနိုင်ရေး အကြိတ်အနယ် ကြိုးစားသော်လည်း ဂိုးမသွင်းနိုင်ခဲ့ကြပေ။

ဒုတိယပိုင်းပြန်စသည်နှင့်မန်ချက်စတာယူနိုက်တက်အသင်းသည် နယူးကာဆယ်ကို ပို၍ပို၍ ဖိကစားလာသည်ကို တွေ့ရသည်။ ဒုတိယပိုင်းပြန်စပြီး ၅၇ မိနစ်တွင်မန်ယူတိုက်စစ်မှူး ရွန်နီက ချေပဂိုးသွင်းပေး၍ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်သွားသည်။

ဆက်လက်၍ မန်ယူတို့ အနိုင်ဂိုး ရရှိရေးအတွက် ဖိကစားခဲ့ရာ ပွဲချိန် ၇၅ မိနစ်တွင် ဝက်စ်ဘရောင်းက ရှိုင်ယန်ဂစ်၏ ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုး လှပစွာ သွင်းယူခဲ့၍ မန်ယူတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ယင်းဂိုးမှာ ဝက်စ်ဘရောင်းအတွက် ပရီမီယာလိဂ်ဘောလုံး ရာသီတွင် သူ၏ ပထမဆုံးဂိုး ဖြစ်သည်။

ယင်းအနိုင်ဂိုးသည်အာဆင်နယ်၏ ဒုတိယနေရာကို မန်ယူက ပြန်လည်ရယူရန် အချက်ပြလိုက်ခြင်းပင် ဖြစ်သည်။ အာဆင်နယ်နှင့် မန်ချက်စတာယူနိုက်တက်တို့သည် လက်ရှိအခြေအနေအရ ရမှတ် ၇၁ နှင့် ၇၀ တို့ဖြင့် အနီးကပ် ရပ်တည်နေကြသည်။

ဖာဂူဆန် ပြောကြား

မန်ချက်စတာယူနိုက်တက်သည် ယင်းပွဲအနိုင်ရခဲ့၍ ချယ်လ်ဆီးနောက်မှ ဒုတိယနေရာကို ရယူနိုင်ရန် မျှော်လင့်ချက် ပြန်လည်ရှင်သန်လာစေခဲ့သည်။ ပွဲအပြီးတွင် မန်ချက်စတာယူနိုက်တက်အသင်း မန်နေဂျာ ဆာအလက်ဖာဂူဆန်က ရွန်နီကို ချီးကျူးစကားပြောကြားသည်။ ရွန်နီ၏ဂိုးသည် ပြိုင်ပွဲကို အပြောင်းအလဲဖြစ်စေခဲ့ကြောင်း၊ ၎င်းသည် မန်ချက်စတာယူနိုက်တက်အသင်း၏ ပြီးခဲ့သော ဘောလုံးပွဲတွင် နှစ်ပွဲရှုံး၊ တစ်ပွဲသရေဖြစ်ခဲ့ပြီးနောက် ပြန်လည်အနိုင်ရရှိရန် အဓိက စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း ဖာဂူဆန်က စကိုင်းစပို့စ်သို့ ပြောကြားသွားသည်။

(အင်တာနက်)

မန်ချက်စတာယူနိုက်တက်အသင်းနှင့် နယူးကာဆယ်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် မန်ယူမှ ရွိုင်ကိန်း(ဝဲ)၏ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

အီတလီ စီးရီးအေပွဲစဉ်(၃၃) ဂျူဗင်းတပ်စ်က လာဇီယိုကိုနိုင်

ရန်ကုန် ဧပြီ ၂၅

အီတလီစီးရီးအေပွဲစဉ်(၃၃)အဖြစ် ဧပြီ ၂၄ ရက်က ဂျူဗင်းတပ်စ်အသင်းနှင့် လာဇီယိုအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂျူဗင်းတပ်စ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဂျူဗင်းတပ်စ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် ပေဗယ်နက်ဗက်က သွင်းယူပေးသည်။ ဂျူဗင်းတပ်စ်အသင်းသည် ယခုပွဲ အနိုင်ရရှိသဖြင့် အေစီမီလန်အသင်းနှင့် (၇၃)မှတ်စီတူညီသွားသော်လည်း ဂိုးကွာခြားချက်အရ အမှတ်ပေးဇယား ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေဆဲဖြစ်သည်။ **(မြန်မာ့အလင်း)**

စပိန်လာလီဂါ ပွဲစဉ်(၃၃)အနိုင်အရှုံး

ရန်ကုန် ဧပြီ ၂၅

ရီးရဲမက်ဒရစ်	**၂-၁**	**ဗီလာရီးရဲလ်**
အိုဆာဆူနာ	**၁-၀**	**အက်လေတီကို**
ဘက်တစ်	**၂-၃**	**ဆိုဆီဒက်**
ဒီပို့ဒီဗို	**၁-၄**	**ရေးဆင်း**
ဗလင်စီယာ	**၂-၀**	**အယ်ဘာစီတီ**
နူမန်စီယာ	**၁-၂**	**မာယော့ကာ**
အက်စပန်ညို	**၃-၁**	**ဇာရာဂိုဇာ**
ဂီတာဖေး	**၁-၀**	**လီဗန်တေး**
မာလာဂါ	**၀-၄**	**ဘာစီလိုနာ**

(မြန်မာ့အလင်း)

ဧပြီ ၂၅ ရက်က (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ Compound ပဏာမမြန်မာ့လက်ရွေးစင် ယုနန္ဒာထိုက် ကျိုက္ကဆံမြားပစ်ကွင်းတွင် လေ့ကျင့်စဉ်။ (မြန်မာ့အလင်း)

ပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေး ကျေးလက်ဒေသများအထိ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းမင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းသူတို့ လိုက်ပါလျက် မတ် ၂၁ ရက် ညနေပိုင်းတွင် ကျိုင်းတုံမြို့သို့ရောက်ရှိပြီး ယင်းမှ ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်မင်း လိုက်ပါလျက် ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအား ကြည့်ရှုစစ်ဆေးကာ ယင်းရုံး၌ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် ကျိုင်းတုံကိုယ်ပွား သတင်းစာတိုက်သို့ရောက်ရှိပြီး ပုံနှိပ်စက်များကို ကြည့်ရှုစစ်ဆေး၍ မကြာခဏချွတ်ယွင်းတတ်သော စက်အစိတ်အပိုင်းများကို အရန်ထားရှိရေး စီမံဆောင်ရွက်ထားရန်နှင့် စက်ကြွဲခိုင်ရေး အသေးစိတ်ဆောင်ရွက်မှုကို ခြောက်လတစ်ကြိမ် ဆောင်ရွက်ရန်၊ သတင်းစာများကို မဖြန့်ဝေမီ အရည်အသွေးမီ မမီသေချာစွာစစ်ဆေးပြီးမှ ဖြန့်ဝေရန်တို့ကို မှာကြားသည်။

ကွင်းဆင်းဆောင်ရွက်

ကျိုင်းတုံရှိ ဝန်ထမ်းများအား ဒုတိယဝန်ကြီးက တွေ့ဆုံမှာကြားရာတွင် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့်အညီ ပြည်သူများအား အသိပညာဗဟုသုတတိုးပွားရေး ကျေးလက်ဒေသများအထိ ကွင်းဆင်းဆောင်ရွက်ရန်နှင့် ကျေးလက်ဒေသများတွင် စာဖတ်သူဦးရေ တိုးပွားလာရေးအတွက် စာအများဆုံးဖတ်သူအား ဆုပေးသည့်စနစ်ဖြင့် ဆောင်ရွက်ရန်၊ အခက်အခဲများရှိလျှင် ဒေသအာဏာပိုင်များထံ တင်ပြဆောင်ရွက်ကြရန်၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများတွင် ချွတ်ယွင်းမှုဖြစ်တတ်သော Out Put Power များကို အရန်ထားရှိဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့မှ ဆက်လက်ထွက်ခွာရာ မိုင်းယောင်းမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး မိုင်းယောင်းတပ်နယ်မှ ဗိုလ်မှူးကြီးအေးကို လိုက်ပါလျက် မိုင်းယောင်းမြို့စုပေါင်းရုံးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် မိုင်းယုမြို့သို့ ရောက်ရှိသည်။

ရိုင်းပင်းကူညီ

ဒုတိယဝန်ကြီးသည် မိုင်းယုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်နှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး စုပေါင်းရုံးခန်းမ၌ မိုင်းယုတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းသိန်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကာ လိုအပ်သည်များကို မှာကြားသည်။ **(အပေါ်ပုံ)** ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မိုင်းယုမြို့မှ ဆက်လက်ထွက်ခွာရာ ညပိုင်းတွင် မိုင်းယောင်းမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယဝန်ကြီးက မိုင်းယောင်းမြို့နှင့် မိုင်းယုမြို့မှ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် မိမိတို့သည် ဝန်ကြီးဌာနကွဲပြားသော်လည်း နိုင်ငံတော်၏ ရည်မှန်းချက်ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်သည်နှင့်အညီ မိမိတို့ဌာနအလိုက် ရည်မှန်းချက်တာဝန်များ ပေါက်မြောက်အောင် ဆောင်ရွက်ရာတွင် အပြန်အလှန်ကူညီ၍ စေတနာထား ဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းအချင်းချင်း သာရေး၊ နာရေးကိစ္စမှအစ လုပ်ငန်းအားလုံး ရိုင်းပင်းကူညီဆောင်ရွက်ကြရန်နှင့် ယခုရောက်ရှိရာဒေသသည် မိမိဇာတိဒေသကဲ့သို့ခံယူပြီး ဆောင်ရွက်ပါက ဒေသခံလူထုမှ မိမိတို့အပေါ် အားကိုးယုံကြည်လာပြီး လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း၊ အခက်အခဲများရှိပါက ဒေသခံအာဏာပိုင်ထံ တင်ပြဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာကိုယ်စားလှယ်အဖွဲ့ ဖိလစ်ပိုင်မှ ပြန်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၅

သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းအောင် **(ဝဲပုံ)** တို့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ အာရှဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)တွင် ဧပြီ ၁၈ရက်မှ ၂၀ရက် အထိ ကျင်းပခဲ့သည့် International Conference on Achieving Results in Private Sector Development-A Strategic Approach သို့ တက်ရောက်ခဲ့ကြပြီး ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျုံးပျော်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

ကျုံးပျော်မြို့နယ် အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မေ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သီရိမင်္ဂလာရတနာဗိမာန် ပရိယတ္တိ စာသင်တိုက် ကမ္ဘာအေး ဘုရားလမ်းနှင့် ဓမ္မစေတီလမ်းထောင့် ရွှေဂုံတိုင် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ကျုံးပျော်မြို့နယ်သူ မြို့နယ်သားများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ပူဇော်ကန်တော့ခံမည့် အသက် ၇၅ နှစ်နှင့် အထက် အသင်းဝင်များနှင့် ၂၀၀၂-၂၀၀၃ နှင့် ၂၀၀၃-၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင် သားသမီးများ၏ စာရင်းကို အမှတ်စာရင်း မိတ္တူ အထောက်အထားများဖြင့်ဗိုလ်မှူးလှအောင်(ငြိမ်း) ဖုန်း-၃၈၅၇၄၉၊ ဗိုလ်ကြီးစိန်သန်း(ငြိမ်း) ဖုန်း-၅၂၅၂၃၄၊ ဦးခင်အောင် ဖုန်း-၂၀၀၅၃၂၊ ဦးမြင့်သောင်း ဖုန်း-၅၈၄၅၇၇၊ ဦးစောအောင်သောင်း ဖုန်း-၆၄၀၁၇၀ တို့သို့ ပေးပို့ကြရန်နှင့် နှစ်ပတ်လည် အစည်းအဝေးသို့ ဖိတ်စာရရှိသည် ဖြစ်စေ၊ မရရှိသည်ဖြစ်စေ အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ မြို့နယ်သူ မြို့နယ်သားမိသားစုများနှင့်အတူ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၆-၄-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	ကဗျာပန်းဥယျာဉ်
၈:၀၅	၇။	အကပြိုင်ပွဲ
၈:၁၀	၈။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၉။	ဂုံညင်းတန်းတံတား
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Happy and Educational English Summer Course MRTV
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	တေးဂီတအစီအစဉ်
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၆:၅၀	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇:၀၅	၆။	မြန်မာစာ မြန်မာစကား
၁၇:၂၀	၇။	ခံစားနားဆင် တေးဇာတ်ဝင်
၁၇:၃၅	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၁၅	၉။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၈၈)
၁၈:၃၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	တေးဂီတအစီအစဉ်
၁၉:၂၀	၁၃။	သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉:၃၅	၁၄။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်း၏ချစ်သံစဉ်"** (အပိုင်း-၁၂)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

မီး သတိပြု



ရွှေဘိုမြို့နယ် နေရာဘန်ဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့် ငွေကျပ် ၃၈ သိန်း အကုန်အကျခံဆောင်ရွက်ခဲ့

ရွှေဘို ဧပြီ ၁၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်ခဲ့သော မြို့ပြလမ်းလုပ်ငန်းများမှ နေရာဘန်ဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးကျော်လှိုင်၊ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါလမ်းမှာ အကျယ်၁၂ပေ၊အရှည် ပေ၉၅၀ရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၂သိန်း၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၁၆သိန်းဖြင့် စုစုပေါင်း ၃၈သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြင်းမူမြို့နယ် ဂရုကျေးရွာ စက်ရေတွင်းဖွင့် တစ်နာရီ ရေဂါလန် ၁၄၀၀ထွက်ရှိ

မြင်းမူ ဧပြီ ၁၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းမူမြို့နယ် ဂရုကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက်က အဆိုပါကျေးရွာ စက်ရေတွင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်အေးက အမှာစကားပြောကြားပြီး အလှူရှင် Mr. Miwa Shoho နှင့် မန်နေဂျင်းဒါရိုက်တာတို့က စက်ရေတွင်း တူးဖော်လှူဒါန်းရခြင်း အကြောင်းများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး နှင့် အလှူရှင်များသည် စက်ရေတွင်း၏ ရေသုံးစွဲမှုများကို ကြည့်ရှု အားပေးကြသည်။ **(ယာပုံ)**

အဆိုပါ စက်ရေတွင်းကို ၂၅ကောင်အင်ဂျင် တပ်ဆင်ခြင်းနှင့် ရေလှောင်ကန် တိုးချဲ့ဆောက်လုပ်ခြင်းအတွက် ငွေကျပ် ၁၃သိန်းလှူဒါန်းပေးခဲ့ပြီး တစ်နာရီ ရေဂါလန် ၁၄၀၀ထွက်ရှိသဖြင့် ရေရှားပါးသော အဆိုပါကျေးရွာတွင် သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၇)**

သီးနှံစိုက်ခင်းနှင့် မွေးမြူရေးခြံ ပြည်နယ်စည်ပင်သာယာ ညွှန်မှူးစစ်ဆေး

ကျောက်ဖြူ ဧပြီ ၁၀

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် မတ် ၃၀ရက်က ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိသောမီးဖိုချောင်သုံး သီးနှံစိုက်ခင်းနှင့် ဝက်မွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မြင့်က မီးဖိုချောင်သုံး သီးနှံများ စိုက်ပျိုးထားရှိမှုများနှင့် ဝက်များမွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းပြသကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ဖဲကြိုးဖြတ်ဖွင့်လှစ်

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြဝတီမြို့ မေတ္တာလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ရက်က ကျင်းပရာ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ကြီးလှပိုနှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင် အရာရှိဦးခင်မောင်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ဧပြီ ၅ရက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ကတ္တရာလမ်းများကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြို့ဟောင်းအလယ်ရပ်ကွက် ကမ်းနားလမ်း ကတ္တရာ ထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

တောင်တွင်းကြီးမြို့နယ်၌ စက်ရေတွင်းတူးဖော်

တောင်တွင်းကြီး ဧပြီ ၆

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရဲနိုင်ထွန်းတို့သည် မတ်၁၄ ရက်က ပရပ်ကြယ်ကျေးရွာ၌ နှစ်လက်မစက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်းကို ကြီးကြပ်တူးဖော် ပေးကြသည်။ **(ဝဲပုံ)**

ဆောင်ရွက်

အဆိုပါ စက်ရေတွင်းမှာ အနက်ပေ ၄၀၀ရှိပြီး ရေစက်ရုံ၊ အုတ်ရေကန်အပါအဝင်ငွေကျပ် ၁၀၈၉၀၀၀ ကျော် အကုန်အကျခံဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အားမာန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် သုတ၊ ရသ စာအုပ်မျိုးစုံနှင့်ငွေလှူဒါန်း

ငွေဆောင် ဧပြီ ၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပုသိမ်ခရိုင် ငွေဆောင်မြို့ အမှတ်(၂) ရပ်ကွက် မြန်မာ့အားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို

မတ် ၂၇ရက်နံနက် ၉နာရီက စာသင်ကျောင်းဆောင် ခန်းမ၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးအောင်သန်းတို့က စာကြည့်တိုက် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

လက်ခံရယူ

မြန်မာ့အားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်စင်နှစ်စင်၊ သုတ၊ ရသစာအုပ်ပေါင်း ၃၁၉ အုပ်နှင့် အလှူငွေကျပ် ၁၁၅၀၀ ကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများ လက်ခံရယူကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရုံးအဆောက်အအုံသစ်ဖွင့်

ဆားလင်းကြီး ဧပြီ ၁၂

ဆားလင်းကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၆ရက် နံနက် ၉နာရီက အဆိုပါရုံးသစ် အဆောက်အအုံ၌ကျင်းပရာ စစ်ကိုင်းတိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဌေးနှင့် ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါရုံးအဆောက်အအုံသစ်ကို နိုင်ငံတော်က ငွေကျပ် ၄၃သိန်း အကုန်အကျခံကာ ဆောက်လုပ်ခြင်းဖြစ်ပြီး အလျား၃၂ပေ၊ အနံ ပေ ၃၀ရှိ အုတ်နံရံ ကပ် သွပ်မိုး အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **(၃၄၆)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိခင်/ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကြီးမှူး တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဖွင့်

ကျိုင်းတုံ ဧပြီ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အိမ်ရှင်မများ မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှု သင်တန်းဖွင့်ပွဲကို ဧပြီ ၇ရက် နံနက် ၈ နာရီက ကျိုင်းတုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းဆေးမှူး ဦးတင့်လွင်က သင်ကြားပို့ချမည့် တိုင်းရင်းဆေးဝါး ပညာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေါ်ခင်ပြုံးဝင်းနှင့် ဧည့်သည်များက သင်တန်းတွင် စာတွေ့၊ လက်တွေ့ပို့ချမည့် တိုင်းရင်းဆေးဝါးများ၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ထုတ်လုပ်သော ခေတ်မီ တိုင်းရင်းဆေးဝါးများကို စိတ်ဝင်စားစွာ လိုက်လံ ကြည့်ရှုပြီးနောက် သင်တန်းတက်ရောက်မည့် သင်တန်းသား သင်တန်းသူများကို နှုတ်ဆက်အားပေးစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၅ဦး တက်ရောက်သင်ကြားကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

တာချီလိတ် ခရိုင် တာလေမြို့တွင် မတ် ၁၅ ရက်က နိုင်ငံသား အရည်အချင်း ပြည့်မီသော တပ်နယ် မိသားစုဝင်များအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဦးက နယ် မြေ ခံ တပ်မှ ဒုတိယဗိုလ်မှူးကြီးလွင်ဦးထံ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(ခရိုင် ပြန်/ဆက်)

ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီး အလှပြင်သင်တန်း (၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၅ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်/သံခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီက အဖွင့် အမှာစကား ပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)

ရှမ်း ပြည် နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ ပြည်သူ့ ဆေးရုံကြီး အစည်းအဝေး ခန်းမ၌ မတ် ၂၆ ရက် က ပြည်နယ် ဆရာဝန်ကြီး ဒေါက်တာလှမြင့်က ခုခံအားကျ၊ ကာလသားရောဂါနှင့် ရောဂါပိုးမွှား ကင်းစင်သော သွေးလှူဒါန်းခြင်း အကြောင်း ရှင်းလင်း ဆွေးနွေးစဉ်။

(ခရိုင် ပြန်/ဆက်)

မြန်မာနှစ်ဆန်းတစ်ရက်က အန္တရာယ်ကင်းပရိတ်နာယူ သက်ကြီးအဘိုး၊အဘွားများအား မိုင်းဖြတ်မြို့၌ကန်တော့

မိုင်းဖြတ် ဧပြီ ၂၀

မြန်မာသက္ကရာဇ် ၁၃၆၇ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်က အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲကို မိုင်းဖြတ်မြို့နယ် ဘုရင့်နောင်ခန်းမ၌ ဧပြီ ၁၇ ရက် နံနက် ၈နာရီက ကျင်းပရာ ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းအောင်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့်အဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်ပြီး နဝမအကြိမ်မြောက် သက်ကြီးအဘိုး၊ အဘွားများအား ပူဇော်ကန်တော့ပွဲကို ကျင်းပရာ အသက် (၈၀)အထက် အဘိုး၊အဘွား ၂၃ဦးအား တက်ရောက်လာကြသူများက လက်အုပ်ချီကန်တော့ကြပြီးတာဝန်ရှိသူများနှင့် အလှူရှင်များက ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ အဘိုး၊ အဘွားများက ဆုမွန်ကောင်းများ ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံဆရာဝန်အသင်း (တောင်ငူ)ရွှေရတုအထိမ်းအမှတ် တောင်ငူမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးပဒေသာပင်လှူဒါန်း

တောင်ငူ ဧပြီ ၁၀

မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ငူ) တည်ထောင်ခြင်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် အသင်းဝင်ဆရာဝန်များစုပေါင်း၍ ငွေကျပ် ခြောက်သိန်းခြောက်သောင်းနှစ်ထောင်ကို တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ငူ)ခန်းမဆောင်၌ မတ် ၂၅ ရက်က ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန့်ဇင်က ငွေပဒေသာပင် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များကိုယ်စား ဒေါက်တာစိုးဟန်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာရစ်ချက်ဘိုနီက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။**(ယာပုံ) (၁၀၃)**

စေတုတ္တရာမြို့နယ် ရေသောင်ကျေးရွာ စိမ့်စမ်းရေသွယ်ရေး ဆောင်ရွက်မှုကို မတ် ၂၆ ရက်က အင်ဂျင်နီယာ ဦးကြည်စိုးနှင့် အငယ်တန်း အင်ဂျင်နီယာ(၃) ဦးဟန်မင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

အပြို့ပြို့ အနယ်နယ် သတင်းများ

မြို့နယ်ပေါင်းစုံ အမျိုးသမီး ကွန်ပျူတာအသုံးချ သင်တန်းဆင်း

တောင်ကြီး ဧပြီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် မြို့နယ်ပေါင်းစုံ အမျိုးသမီးကွန်ပျူတာအသုံးချ သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၈ ရက် နံနက် ၈နာရီက တောင်ကြီးမြို့ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြလွင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး အဖွဲ့ဝင်များက သင်တန်းသား၆၀ တို့အား သင်တန်းဆင်းလက်မှတ်များပေးအပ်ကြသည်။

ဆက်လက်၍ သင်တန်းသားများအတွက် ဂုဏ်ပြုလက်ဆောင်နှင့် သင်တန်းတွင် ပထမဆုရ စိမ်းမိမိမော်(ကလောမြို့နယ်)**(အောက်ပုံ)**၊ ဒုတိယဆုရ ဂျူလိုင်စိုးတင့်(တောင်ကြီးမြို့နယ်)နှင့် တတိယဆုရ နန်းလွဲလွဲမွန်(မောက်မယ်မြို့နယ်)တို့အား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြလွင်က ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ပြည်နယ် အမျိုးသမီးရေးရာ)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် မကွေး၌ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

မကွေး ဧပြီ ၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို မတ် ၂၄ရက်က မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ကျင်းပသည်။

ခင်းကျင်းပြသ

ထို့နောက် ပြခန်းတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ဦးတည်ချက်(၁၂)ရပ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် ကြိုးပမ်းဆောင်ရွက်မှုများ၊ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် အမျိုးသားညီလာခံ ကျင်းပနေမှုဓာတ်ပုံများဖြင့် ခင်းကျင်းပြသထားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ

၂၇-၄-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာ ပြန်ကြားလွှာ)

၁၂း၀၀ မြန်မာ့အနုသဘင်(ဆရာကြီး ဦးဂုဏ်ဘဏ်)

၁၂း၂၅ သူ့အတွေးနှင့်သူ့အရေး (ချမ်းသာကြောင်း လေးပါး-ချောင်းဆုံအုန်းသွင်)

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ပတ္တမြားစွမ်းအင် အာနိသင်-ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၇း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (လျှာပေါ်ဝဲမုန့်)

၁၇း၄၅ သူ့လက်သံလက်စွမ်းပြ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဆုရအစီအစဉ်(ရန်ကုန်တိုင်းမှ မခိုင်ဇာဝင်း၏ ပတ္တလားလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)နှစ်(၈၀)ပြည့်ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)မဂ္ဂဇင်း (၂)တွမ်ဆောယား၏စွန့်စားခန်းများ(မောင်သိန်းလွင်ပြန်ဆိုသည်)

၁၉း၁၅ မာစတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော အဲလက်စ်၏ (အချစ်နှင့်ကောင်းကင်စီးရီး)

(၈၂)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခ ဓာတ်တော်တိုက် အမှတ်(၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာနနာယက(သက်လွတ်)ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာလင်္ကာရ (လူမှုထူးချွန် ပထမဆင့်)**(အပေါ်ပုံ)**သည် ဗဟို အမျိုးသား သွေးလှူဘဏ်တွင် ဧပြီ၂၀ ရက်က (၈၂)ကြိမ်မြောက် သွေးလှူဒါန်း ခဲ့ကြောင်း သိရသည်။ **(က–ပ)**

တမူးမြို့ ပြည်တော်သာလမ်းအပိုင်း(၁)နှင့် မြို့မလမ်းကွန်ကရစ်တံတားသစ်ဖွင့်

တမူး ဧပြီ ၁၂

တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်ခဲ့သော ပြည်တော်သာလမ်း အပိုင်း(၁)ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းကာလက အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးဝင်းဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဝင် ဦးကူးဌာတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အဆိုပါ ပြည်တော်သာလမ်း အပိုင်း(၁) ကတ္တရာလမ်းသစ်သည် အရှည်ပေ ၆၂၅ပေ၊ အကျယ် ၁၂ ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ကငွေကျပ် ၆၆၀၀၀၀ နှင့် ပြည်သူများက ငွေကျပ် ၁၀၀၀၀၀၀ ဖြင့် စုစုပေါင်း ၁၆၆၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

တံတားသစ်

ဆက်လက်၍ တမူးမြို့ မြို့မလမ်းကြေးနန်းရုံးရှေ့ရှိ ကိုယ့်အား ကိုယ်ကိုးကွန်ကရစ်တံတားသစ်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်နှင့် တံတားဖြစ်မြောက်ရေး ကော်မတီဝင် ဦးဖက်တေးဗဟာဒူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ရသေ့တောင်–တောင်လှမော်ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို မတ်၂၆ရက်က ကျင်းပရာ ဒုတိယဗိုလ်မှူးကြီးအောင်ငွေဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အမှုဆောင်အရာရှိဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မိုးကောင်းမြို့နယ်တွင် နိုင်ငံသားကတ်ပြားပေးအပ်

မိုးကောင်း ဧပြီ ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မှီခိုသူ မိသားစုဝင်များအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကိုမတ်၂၆ရက်ကမိုးကောင်းမြို့ ရဲစခန်း၌ ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးတင်မောင်ဆွေက နိုင်ငံသားအရည်အချင်း ပြည့်မီသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မှီခိုသူမိသားစုဝင် ၉၃ဦးတို့အတွက် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်စိုးထံ ပေးအပ်ကြောင်း သိရသည်။ **(၄၁၆)**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းရှိ ဝေးလံခက်ခဲသော ဒေသများသို့ လွိုင်လင်လေးတိုက်နယ်ဆရာဝန်ဒေါက်တာဟန်စိုးမင်း ဦးဆောင်၍ ကျေးလက်ကျန်းမာရေးဌာနခွဲများမှ သူနာပြုဆရာမများနှင့်အတူ မတ်၂၉ရက်မှ ဧပြီ၃ရက်အထိ ဒေါတနော၊ ပိန်းချစ်၊ ထီးစဲခါးနှင့် လင်ဖုန်ကြီး ကျေးရွာများသို့ ကွင်းဆင်း၍ အခမဲ့ဆေးကုသပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ်၊ ၇/၂၀၀၅ (၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၉ ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်–

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဌာနစုမှူး(၂)	တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ	၁၅ နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၈–၅–၂၀၀၅ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) မဟာဘွဲ့ရရှိသူများနှင့် ပါရဂူဘွဲ့(Doctorate) ရပြီးသူများအတွက် အသက်(၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈–၅–၂၀၀၅ နေ့အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ၂၀၀/–ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ်၊ ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့လျှောက်လွှာတင်သွင်း သူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင် ရွက်ရန် ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲ စာစစ်ဌာနများ ထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့၁၈–၅–၂၀၀၅နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံး သို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၄–၆–၂၀၀၅ နေ့နံနက် ၉ နာရီမှ ၁၁နာရီအထိ မေးခွန်းလွှာ(၁)မြန်မာစာ၊ နေ့လယ် ၁၂ နာရီမှ မွန်းလွဲ ၃နာရီအထိ မေးခွန်းလွှာ(၂)အင်္ဂလိပ်စာ၊ ၅–၆–၂၀၀၅နေ့နံနက် ၉ နာရီမှ ၁၁နာရီအထိ မေးခွန်းလွှာ(၃) အထွေထွေဗဟုသုတကို စစ်ဆေးမည်။ ၂–၆–၂၀၀၅ နေ့မှ စ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြား များကိုထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

၉။ ဤကြော်ငြာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website လိပ်စာ csstb. imis. com.mm တွင်လည်း ဖော်ပြထားပါသည်။

ဘက်ထရီအိုးဟောင်းများ အိမ်တိုင်ရာရောက်ဝယ်သည်

ဖုန်း–၇၀၁၇၂၀၊ ၆၄၂၁၈၂၊ ၀၉–၉၉– ၂၂၀၂၅၊ ၀၉–၅၁–၂၄၈၀၈၊

ရုံ (၃၄)၊ အခန်း(၁၀)၊ စော်ဘွားကြီးကုန်း အဝေးပြေးဂိတ်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၃)စက္ကူစက်(ပလိပ်)နှင့် ရေနီအမှတ်(၂) စက္ကူစက်ရုံအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်မည့်ရက်/အချိန်
(က)	Hydrogen Peroxide	210 MT	(၅–၅–၂၀၀၅) မွန်းတည့်၁၂း၀၀နာရီ
(ခ)	Acetone	11 MT	(၉–၅–၂၀၀၅) မွန်းတည့်၁၂း၀၀နာရီ
(ဂ)	Calcium Carbide	150 MT	(၉–၅–၂၀၀၅) မွန်းတည့်၁၂း၀၀ နာရီ

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်းနံပါတ်–၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။ **မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း။**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) မိတ္ထီလာစီးပွားရေးတက္ကသိုလ် "ဒုတိယအကြိမ်" ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

မိတ္ထီလာစီးပွားရေးတက္ကသိုလ်က ကျင်းပခဲ့သော ၂၀၀၃–၂၀၀၄ ပညာသင်နှစ်၊ တတိယနှစ်(၁၉၉၉–တကသအောင်) သင်တန်း(ဘွဲ့)စာမေးပွဲနှင့် ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ဒုတိယနှစ် ဂုဏ်ထူးတန်း(၁၉၉၈–အပထ အောင်)သင်တန်း(ဘွဲ့) စာမေးပွဲအောင်မြင်ခဲ့သူများအား ဘွဲ့အပ်နှင်းချီးမြှင့်ရန် အတွက် မိတ္ထီလာစီးပွားရေး တက္ကသိုလ် ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

ကျင်းပမည့်နေ့ရက် – ၂၀၀၅ခုနှစ် မေလ (၁၄)ရက်၊ (စနေနေ့)
– ၂၀၀၅ခုနှစ် မေလ (၁၅)ရက်၊ (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ – မိတ္ထီလာစီးပွားရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ
ကျင်းပမည့်အချိန် – နံနက် (၈း၀၀)နာရီ
အပ်နှင်းမည့်ဘွဲ့များ–

၁။	B.Econ (Economics)	- ဘွဲ့
၂။	B.Econ (Statistics)	- ဘွဲ့
၃။	B.Com	- ဘွဲ့
၄။	B.Econ (Hons)(Economics)	- (ဂုဏ်ထူး)ဘွဲ့
၅။	B.Econ(Hons)(Statistics)	- (ဂုဏ်ထူး)ဘွဲ့
၆။	B.Com (Hons)	- (ဂုဏ်ထူး)ဘွဲ့

– တက်ရောက်ဘွဲ့နှင်းသဘင်ကြေး – ကျပ် ၁၅၀၀/ (ကျပ်တစ်ထောင့်ငါးရာတိတိ)
– အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး – ကျပ် ၁၀၀၀/(ကျပ်တစ်ထောင်တိတိ)
– အစမ်းလေ့ကျင့်မည့်ရက်/နေ့ – ၂၀၀၅ခုနှစ် မေလ(၁၃)ရက်၊ သောကြာနေ့
– အစမ်းလေ့ကျင့်မည့်အချိန် – နံနက် (၈း၀၀)နာရီ
– လျှောက်လွှာပိတ်ရက် – ၂၀၀၅ခုနှစ် မေလ ၁၀ ရက်

မှတ်ချက်။ ။(၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ (၂) နှစ်ဟောင်းမှ (ဘွဲ့)စာမေးပွဲအောင်မြင်ထားသူများသည် အဝေးရောက် ဘွဲ့သာ လျှောက်ထားရမည်။ (၃) တစ်လအတွင်းရိုက်ကူးထားသော(၂ "X ၁ ") ဓာတ်ပုံ (၂)ပုံနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်းနှင့် လျှောက်ထားရမည်။ (၄)အသေးစိတ် အချက်အလက်များကို မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် လာရောက်စုံစမ်းနိုင်ပါသည်။ (၅) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏ အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"** ဟု ဖော်ပြပြီး ပါမောက္ခချုပ် မိတ္ထီလာစီးပွားရေး တက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြု ဘာသာ၊ ပညာသင်နှစ် အောင်မြင်သည့် ခုနှစ်နှင့်လ၊ တက်ရောက်ခဲ့သော တက္ကသိုလ်၊ နေရပ်လိပ်စာ အပြည့်အစုံကို တိကျစွာ ဖော်ပြရပါမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ)

အောင်အောင်စိုး
(လ/ထမော်ကွန်းထိန်း)၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်။

FAME
IMMUGIN®
ကျင်ဆင်းဆေးတောင့်

DECO-LAND
DECO
ပိန်းမိုးဇရေကာဖျင်
အထူ / အပါး မျိုးစုံရရှိနိုင်ပါသည်။

မြန်မာ့အလင်းသတင်းစာကြော်ငြာဌာန မြို့တွင်း၌ တိုးချဲ့ဖွင့်လှစ်လက်ခံလျက်ရှိ

ရန်ကုန် ဧပြီ ၂၅

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၅၈၃၄၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့် အပြင် အထူးအစီအစဉ်ဖြင့် နယူးလိုက်အော့ဖ် မြန်မာ သတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၉၆၈၄၃တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက်၁၀နာရီမှ ညနေ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိသည်။**(မြန်မာ့အလင်း)**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း၊ အမှတ်(၁၃) အပေါ်ဆုံးထပ်(ယာ)နေ ဇော်ဇော်မင်း(ခ)ဇော်ကြီး DGN–၀၀၈၉၈၇ အား သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ ဇော်ဇော်မင်း(ခ)ဇော်ကြီးသည် မိသားစု၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့်ကိစ္စရပ်များကို အကြိမ်ကြိမ် ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မည်သူမျှရင်းအပေါ် ငွေရေးကြေးရေး ပတ်သက်ခြင်းမပြုပါ ရန်နှင့် ၎င်းနှင့် ပတ်သက်သော မည်သည့် အရှုပ်အရှင်း ကိစ္စကိုမျှ တာဝန်ယူခြင်း မပြုတော့ပါကြောင်း။

ဦးစောမင်း AA–၀၂၄၈၂၉
ဒေါ်စန်းစန်း ISN–၀၄၅၅၁၉။

မိန့်ခွန်း ပြောကြား

မေ ၂၂ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၅ ခုနှစ် အာရှ-အာဖရိက ထိပ်သီး ညီလာခံ ပထမနေ့တွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်း-ရွှေဖုံး)
(သတင်းစဉ်)



နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မေ ၂၂ ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center ရှိ Plenary Hall ၌ ၂၀၀၅ ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။
(သတင်း-ရွှေဖုံး) **(သတင်းစဉ်)**

နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကို အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်ကို ကချင်အထူးဒေသ(၂)ကေအိုင်အိုအဖွဲ့က ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်ထုတ်ပြန်

ရန်ကုန် မေ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက် အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်အား ပြစ်တင်ရှုတ်ချ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များကို အသီးသီး ထုတ်ပြန်ကြေညာခဲ့ကြသည်။ ယင်းသို့ ထုတ်ပြန်ကြေညာကြသော အဖွဲ့အစည်းများအနက် ကချင်အထူးဒေသ(၂) ကေအိုင်အိုအဖွဲ့၏ သဘောထားကြေညာချက်အပြည့်အစုံကို အောက်ပါအတိုင်း ဆက်လက်ဖော်ပြအပ်ပါသည်-

(သတင်းစဉ်)

ကေအိုင်အိုအဖွဲ့အစည်း၏ သဘောထားထုတ်ပြန်ချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသား လူမျိုးပေါင်းစုံ အေးအတူ ပူအမျှ၊ ဥမကွဲ သိုက်မပျက် ညီရင်းအစ်ကိုပမာ စုပေါင်းနေထိုင်လာခဲ့ကြသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ယင်းတိုင်းရင်းသားညီနောင်များ၏ စုပေါင်းအင်အားဖြင့် ဖက်ဆစ်စနစ်နှင့် ကိုလိုနီစနစ်ဆိုးကြီးကို အောင်မြင်စွာ တော်လှန်တိုက်ခိုက်ကြပြီး လွတ်လပ်ရေးကို ရယူခဲ့ကြပါသည်။

၂။ စုပေါင်းနေထိုင်ခြင်းသည် သီးခြားရပ်တည်ခြင်းထက် ပိုမိုကောင်းမွန်ပြီး တိုင်းပြည်တိုးတက်သာယာ ဝပြောလာနိုင်မည်ဟူ၍လည်းကောင်း၊ ကိုလိုနီစနစ်ဆိုးကြီး ထပ်မံ မဝင်ရောက်လာနိုင်အောင် ကာကွယ်စောင့်ရှောက်နိုင်မည်ဟူ၍လည်းကောင်း တိုင်းရင်းသားခေါင်းဆောင်များ တွေးတောမြော်မြင်ကြသဖြင့် လွတ်လပ်ရေးအကြိုကာလတွင် ပင်လုံညီလာခံကိုကျင်းပ၍ ပြည်ထောင်စုနိုင်ငံတော်ကို တည်ထောင်ဖွဲ့စည်းသွားရန် တညီတညွတ်တည်း သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ ထို့ကြောင့် လွတ်လပ်ရေးရသည်နှင့် တစ်ပြိုင်နက် တိုင်းရင်းသားများအားလုံး တန်းတူညီမျှမှုရှိသောမူအပေါ် အခြေခံသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။

၃။ တိုင်းရင်းသားကချင်လူမျိုးများသည် ရှေးယခင်ကတည်းက တိုင်းရင်းသားများအားလုံး တောင်ပေါ်မြေပြန့် မခွဲခြားဘဲ အေးချမ်းပျော်ရွှင်စွာဖြင့်စုပေါင်းနေထိုင်သော ပြည်ထောင်စုစနစ်ကို ကြိုက်နှစ်သက်ခဲ့ကြပါသည်။ ထို့ကြောင့် ပြည်ထောင်စုဖွဲ့စည်းရေး ကြိုးပမ်းမှုများ၌ အဓိကအခန်းကဏ္ဍက ပါဝင်လှုပ်ရှားခဲ့သလို ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက်လည်း တတ်အားသရွေ့ ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို သမိုင်း၌အထင်အရှားတွေ့မြင်နိုင်ပါသည်။

၄။ ၁၇-၄-၂၀၀၅ ရက်နေ့တွင် ပြည်ပရောက် စဝ်ခမ်ဖနှင့်လူတစ်စုတို့က ရှမ်းပြည်လွတ်လပ်ရေး ထုတ်ပြန်ကြေညာခြင်းကို မိမိတို့ ကချင်အထူးဒေသ(၂) ကေအိုင်အိုအဖွဲ့မှ လက်ခံထားသော ပြည်ထောင်စုမူနှင့် မကိုက်ညီသောကြောင့် ကန့်ကွက်ပါသည်။ ဤသို့သော လုပ်ရပ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ပြည်ထောင်စုပြိုကွဲရေးသို့ ဦးတည်သော လုပ်ရပ်ဖြစ်သောကြောင့် ပြည်ထောင်စုမှခွဲထွက်ပြီး သီးခြားလွတ်လပ်သော နိုင်ငံထူထောင်ခြင်း ထုတ်ပြန်ချက်ကို မိမိတို့ကချင်အထူးဒေသ(၂) ကေအိုင်အိုအဖွဲ့မှ မထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ပါသည်။

လမုန်တူးဂျိုင်
ဥက္ကဋ္ဌ
ဗဟိုကော်မတီ
ကချင်အထူးဒေသ(၂) ကေအိုင်အို
၂၀၀၅ခုနှစ် ဧပြီလ (၂၁)ရက်